
www.dhammadownload.com




# အားကိုးထိုက်တာအစစ်
# ရှာရစ်ကြ

ဟောကြားသည့်နေ့

၁၅ – ၁၀ – ၆၂

၁၅

မိုးကုတ်ဆရာတော်ဘုရားကြီး

နောက်ဆုံး ဟောကြားတော်မူသော တရားတော်

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။
ဖုန်း - ၅၄၁၈၆၀ , ၇၂၅၁၃၂

www.dhammadownload.com

# မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏

## အမှာစာ

ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး သည်၊ နေ့စဉ်နေ့တိုင်း၊ တစ်နေ့လျှင် နှစ်ကြိမ် သုံးကြိမ် တပည့် ဒကာ၊ ဒကာမများအား၊ မြင့်မြတ်သော၊ ခက်ခဲနက်နဲသော သစ္စာလေးပါးတရားတော်များကို၊ နားမလည်၊ လည်အောင်၊ မသိလျှင် သိအောင်၊ မြန်မာစကားပြေ သက်သက်ဖြင့်၊ သာမန်လူပြိန်းများ၊ လက်လှမ်းမီအောင် အောက်ခြေထိဆင်း၍ ဟောကြားချီးမြှင့်တော်မူပါသည်။

ဤတရားတော်သည်၊ မိုးကုတ်ဆရာတော်ကြီး၊ ခန္ဓာဝန်မချမီ၊ (၁၅-၁၀-၆၂)ရက်နေ့တွင် နောက်ဆုံးဟောကြားတော်မူခဲ့သော တရားတော်ဖြစ်ရာ၊ ရှေ့ကိုကြိုတင် သိထားနှင့်သကဲ့သို့ ဟောတော်မူသည်မှာ၊ "တို့ဆရာနဲ့ တို့ဒကာတွေနဲ့၊ ယခုတွေ့ရခြင်းဟာ၊ အဆီအနှစ်တွေလည်း ရပြန်ပြီ၊ မကွယ်ခင် မီရုံရှိတဲ့ ပုဂ္ဂိုလ်တွေမို့၊ မြန်မြန်လုပ်လိုက်။ မီရုံရှိတယ်၊ ရထားကထွက်ခါနီးနေပြီ" ဟု ဟောကြားခဲ့ပါသည်။

ဤတရားတော်သည်၊ ဆရာတော်ကြီးဟောကြားတော်မူထားခဲ့သော တရားတော်အားလုံး၏ အဆီအနှစ် တရားသားသက်သက်ဖြစ်သဖြင့်၊ အလေးထားကြပါ။ ထပ်ခါတလဲလဲ ဖတ်ကြပါ။ နားမလည် လည်အောင်ကြိုးစားပြီး ဖတ်ကြပါ။ ကျင့်ကြံအားထုတ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဤတရားတော်တွင် သစ္စာတရားတော်များကို ပိုင်းခြားစိတ်ဖြာ ဟောကြားထားပြီး "တရားငါးမျိုးထဲမှ ဘယ်တရားပို့တာ

www.dhammadownload.com

ကြိုက်သလဲ" ဟု အမေးထုတ်၍ တရားငါးမျိုးကို ရှင်းပြတော်မူထားပါသည်။

"ဒီနေ့တရားမှာ တရားသားချည့် ဟောနေတယ်" ဆိုပြီး "အားကိုးထိုက်တာ အစစ်၊ ရှာကြဖို့" သစ္စာလေးပါးတရားတော်ကို ဟောကြားရင်း "ဉာဏ်ငါးမျိုး"ကိုပါ နားမလည်လျှင် လည်အောင် အမျိုးမျိုး ဥပမာများဖြင့် ရှင်းလင်းအောင် ဆုံးမတော်မူထားပါသည်။ "ဘုန်းကြီးက သာမညဘုန်းကြီးမဟုတ်ဘူး၊ ခင်ဗျားတို့ကို ဉာဏ်ပေးနေတာ"ဟု ဟောကြားတော်မူပါသည်။

ဤတရားတော်သည် တရားအနှစ်ချုပ်ဖြစ်သည့် အလျောက် ဆရာတော်ကြီးက "ဒီနေ့တရားမှာ တရားသာချည့် ဟောနေတယ်ဆိုတာ သေသေချာချာ မှတ်စမ်းပါ။ အစစ်တွေရွေးပြီး၊ တရားစပြီးချိကတည်းက အင်မတန်သိစေလိုတဲ့ ဆန္ဒနဲ့ မရွေးတတ်မှာစိုးလို့ ရွေးပုံအခြင်းအရာပါ ပြောလိုက်ပါတယ်" ဟု စိုးရိမ်စိတ်ဖြင့် နောက်ဆုံးဟောကြားခဲ့ပါသေးသည်။

ကျေးဇူးကြီးလှပါသည်။ ဆရာတော်ကြီး၏ ကရုဏာတော်သည် ကြီးမားလှပါသည်။ မဇ္ဈိမပဋိပဒါအလယ်လမ်းကိုပင် မေ့မှာစိုး၍ ထပ်၍ ထပ်၍ ရှင်းပြတော်မူပြီး "သာသနာမကွယ်ခင် မြန်မြန်လုပ်ကြ။ အခုအချိန်ရှိသေးလို့၊ ရထားထွက်ခါနီး၊ တက်မိသေးတယ်"ဟု နောက်ဆုံး ဟောကြားဆုံးမတော်မူသွားပါသည်။

အမြဲဖတ်နေသင့်သော တရားတော်ဖြစ်ပါသည်။

သုတေစကောင်းရတနာ(၇)ပါးနှင့် ပြည့်စုံကြပါစေ။

၂၂-၁၁-၂၀၀၃ အတွင်းရေးမှူး

www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ နောက်ဆုံးဟောကြားသောတရားတော်

# အားကိုးထိုက်တာအစစ်

# ရှာရစ်ကြ

(၁၅-၁၀-၆၂)

နာတဲ့ပုဂ္ဂိုလ်ကလည်း ခန္ဓာကြည့်ပြီး နာရမယ်၊ ဟောတဲ့ပုဂ္ဂိုလ်ကလည်း ခန္ဓာကြည့်ပြီးဟောတဲ့အတွက် ဘာဝနာပွားပြီးဟော ဘာဝနာပွားပြီး နာတဲ့အတွက် အားလုံး ကုန်ပဲ ကျွတ်တမ်းဝင်ကြမယ်ဆိုတဲ့ဥစ္စာ မနေ့ကဝတ္ထု ဟောခဲ့တယ်၊ ဦးတင်တို့ ဦးသန်းမောင်တို့ကြားဖူးခဲ့ကြပြီ (မှန်ပါဘုရား)။

## တရားသာအမိ၊ တရားသာအဖ

အဲ့ဒီတော့ ဘုန်းကြီးက တရားကို ကြိုးစားစေချင်တာက အခြားကြောင့် မဟုတ်ပါဘူး၊ ဟာ . . . ဦးတင်ကြီးဟာ ဘယ်ကလာသတုံး , . . မပြောတတ်ပါဘူး၊ လူ့ပြည်တော့ ရောက်လာတာပဲ။ ဟာ . . . ဒါဖြင့် တရားကပို့လိုက်တာပဲ

www.dhammadownload.com



ခင်ဗျားကို . . . ဦးသန်းမောင်ကြီး ဘယ်ကလာသတုံး . . . (မပြောတတ်ပါဘူးဘုရား)၊ ခင်ဗျားတို့ ခြေလျှင်လာသလား . . . (ခြေလျှင်လည်းမလာပါဘူးဘုရား) လှူပြည်ရောက်လာတာပဲဆိုတော့၊ ခင်ဗျားတို့မှာ တရားပဲအမိ၊ တရားပဲအဖနဲ့ သူစီမံတာ ခံနေကြရတော့ သူ့လက်လွှတ်လို့ တော်ပါ့မလား (မတော်ပါဘူး) ရှင်းလောက်ပါပြီနော် . . . (မှန်ပါ) ရှင်းလောက်ပါတယ်။

နောက်က သီလရှင်တွေ ဒကာ ဒကာမတွေ ဘယ်ကလာသတုံးလို့မေးရင် ကိုယ့်ဟာကိုယ် ဘယ်သူမှ မသိကြဘူးနော် . . . (မှန်ပါ) တရားပို့လို့ရောက်လာတယ်ဆိုတာပဲ ပြောကြရလိမ့်မယ်။

နို့ . . . တရားပို့လို့ရောက်လာတော့လည်း တစ်ခါစဉ်းစားဦး . . . ပစ္စန္တရာဇ် ဇနပုဒ်တွေများ ရောက်တဲ့ပုဂ္ဂိုလ်လည်း တရားပို့လို့ရောက်တာပဲ . . . ခင်ဗျားတို့ ပစ္စန္တရာဇ် ဇနပုဒ်ကို မရောက်ဘဲ မြို့ကြီးပြကြီး သူတော်ကောင်း ပေါများတဲ့နေရာ ရောက်လာကြတယ်၊ ဒါကဘယ်သူပို့လိုက်တာတုံးလို့ ဦးတင်ကြီးမေးရင် ဘယ့်နှယ်ဖြေပါ့မလဲ (တရားပို့လိုက်တာပါ) ဦးသန်းမောင်ကော . . . မွေးတာက မော်ကြီးပွားတာက ရန်ကုန်။ ဘယ်သူပို့လိုက်တာတုံးမေးရင် ဘယ်နှယ့်ဖြေပါ့မယ် (တရားပို့တာပါ) တရားပို့လိုက်တာ ကိုယ်ခြေလျှင်သွားလို့တော့ ရောက်ကိုမရောက်ဘူး . (မှန်ပါ)။

www.dhammadownload.com



## တရားပဲအားကိုးရာရှိတော့တယ်

အဲဒါကြောင့် ဩော် . . . တရားပဲ အားကိုးရာရှိတော့တယ်ဆိုတဲ့ ဥစ္စာလည်း သေသေချာချာမှတ်ပါ (မှန်ပါ)။

ဒကာ ဒကာမတွေ ဘာအားကိုးကြမယ် . . . (တရားပဲအားကိုးကြပါမယ်)။

ကဲ . . . သက်သေ သာဓက လုံလောက်အောင် ရှင်းပြပါဦးမယ် . . . ဒကာ ဒကာမတွေကိုနော် . . . (မှန်ပါ)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘုရားဖြစ်လာတယ်၊ ဘုရားဖြစ်လာတော့ ဩော်ငါ့မှာ အတုမရှိဘုရားတော့ဖြစ်လာပြီ၊ ငါ့ထက်သာတဲ့ပုဂ္ဂိုလ်ရှိရင်ဖြင့် ရိုသေကိုးကွယ်မယ် ပူဇော်မယ်လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက လျှောက်ပြီး ကြည့်လိုက်တယ်၊ ၃၁- ဘုံထဲမှာ ဦးသန်းမောင် (မှန်ပါ) ငါ့ထက် သီလ သမာဓိ ပညာသာတဲ့ပုဂ္ဂိုလ်ရှိလို့ ရှိရင်ဖြင့် ငါကိုးကွယ်မယ် ဆည်းကပ်မယ်လို့ ကြည့်လိုက်တော့ တစ်ယောက်မျှ မမြင်ဘူး (မှန်ပါ)။

## တရားကြောင့်ဘုရားဖြစ်လာတယ်

တစ်ယောက်မျှ မမြင်တော့ သူ့ဟာသူပဲ တွေးလိုက်တယ်၊ ငါဘယ့်နှယ်ကြောင့် ဘုရားဖြစ်လာပါလိမ့်မတုံးလို့

www.dhammadownload.com



တွေးလိုက်တော့ ဩော် . . . တရားကြောင့် ဘုရားဖြစ်လာတယ်၊ ငါသိခဲ့တဲ့ တရားပဲအရှိအသေ အလေးအမြတ်ပြုမှုဖြစ်မယ်တဲ့။ မပေါ်ကြသေးဘူးလား . . . (ပေါ်ပါပြီ)။

ဘုရားတောင် ဘာကို ကိုးကွယ်သတုံး (တရားကို ကိုးကွယ်ပါတယ်)။

သူ့ထက်သာ ပုဂ္ဂိုလ်ရှိရင် သီလသာရင်လည်း သီလသာတဲ့ပုဂ္ဂိုလ်ကို ကိုးကွယ်မယ်၊ သမာဓိသာရင်လည်း သမာဓိသာ တဲ့ပုဂ္ဂိုလ်ကို ကိုးကွယ်မယ်၊ ပညာသာရင်လည်း ပညာသာတဲ့ပုဂ္ဂိုလ်ကို ကိုးကွယ်မယ်ဆိုပြီး ၃၁-ဘုံမှာ ရှာတယ်ဆိုတော့ ဦးသန်းမောင် ကုန်ရောပေါ့ဗျာ (မှန်ပါ့) ဉာဏ်နဲ့ ကြည့်လိုက်တယ် ၃၁-ဘုံမှာ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည် ပေါ့ဗျာ. . . ရှာလို့မတွေ့ဘူး (မှန်ပါ)။

ဒီတွင်မှ ငါသည်ဘယ့်နှယ်ကြောင့် ဘုရားဖြစ်လာပါလိမ့်မတုံးဆိုတော့ ဩော် . . . တရားအားထုတ်လို့ ဘုရားဖြစ်လာတာ။ ရှင်းကြပလား . . . (ရှင်းပါပြီ)။

ဘုရားဘာဖြစ်လို့ ဘုရားဖြစ်လာသတုံး . . . (တရားအားထုတ်လို့ ဘုရားဖြစ်လာတာပါ)၊

ဒါဖြင့် တရားပဲကိုးကွယ်မှုပဲဆိုတဲ့စိတ်ဟာပေါ် ပေါက်ပြီးသကာလ တရားပဲကိုးကွယ်ပါတယ်လို့ ဦးအောင်ဇံဝေတို့၊ ဦးသန်းမောင်တို့၊ ဦးတင်တို့မှတ်ရလိမ့်မယ်. . (မှန်ပါဘုရား)။

www.dhammadownload.com



## ဘယ်တရားပို့တာကြိုက်သလဲ

ဒါဖြင့် ခင်ဗျားတို့လဲ ဩော် . . . ဒီအတိုင်း နေလို့တော့မဖြစ်သေးဘူး၊ တရားပို့လို့ရောက်တာ ၊ စုတေမနေ့သေလွန်လို့ရှိရင်လည်း တရားပို့တဲ့ဆီသွားရမှာပဲ။ ဒီတရားကိုရွေးပြီး သကာလ ဘယ်တရားပို့တာ ကြိုက်တယ်ဆိုတာလည်း ဆရာဘုန်းကြီးက ဝေဖန်မယ် . . . (မှန်ပါ)။

ဒါနကုသိုလ်တရားက ပို့တာကြိုက်သလား၊ သီလကုသိုလ်ပို့တာကြိုက်သလား၊ သမထကုသိုလ်က ပို့တာကြိုက်သလား၊ ဝိပဿနာကုသိုလ်ပို့တာ ကြိုက်သလား၊ အကုသိုလ်ကပို့တာကြိုက်သလားလို့ မေးတော့ အခုမေးခွန်း ၅-ခုထွက်လာတယ်။ ဒီတရားတွေကတော့ ပို့မယ့်တရားတွေအမှန်ပဲ၊ (မှန်ပါ) တရားဘယ်နှစ်မျိုးဝေဖန်လိုက်သတုံး . . . (ငါးမျိုး ဝေဖန်ပါတယ်)။

## (၁) အကုသိုလ်ပို့တာကြိုက်သလား

ငါးမျိုး ဝေဖန်လိုက်တော့ကို မောင်ချစ်စိန်တို့က ဟာ . . . အကုသိုလ် ပို့တဲ့ဆီတော့ တပည့်တော် မသွားချင်ဘူးဘုရား၊ အပါယ်လေးပါးသွားရလိမ့်မယ် . . . အကုသိုလ်တရားကပို့ရင် သူ့ အပါယ်လေးပါးပဲ ပို့မှာပဲ . . . (မှန်ပါ) ဒါတော့ ဘယ်သူမှမသွားချင်ဘူး၊ ဦးအောင်ဇံဝေလည်း

www.dhammadownload.com



မသွားချင်ဘူး၊ နောက်က သီလရှင်တွေလည်း သွားချင်ကြရဲ့လား. . . (မသွားချင်ပါဘူး)။

## (၂) ဒါနကုသိုလ်ပို့တာကြိုက်သလား

ဒါနကုသိုလ်ပို့လိုက်ပြန်တော့လည်း လှူပြည်နဲ့ နတ်ပြည်ကို သူပို့တယ်၊ ပို့ပြန်တော့ အခု ဆရာဘုန်းကြီးဆီမှာ ဆည်းကပ်နေတဲ့ ဒကာ ဒကာမတွေ ဖြစ်လာတော့ ဟိုမှာ အိုဘေး၊ နာဘေး၊ သေဘေးရှိတယ်ဆိုတာ သိပြီးသား ဖြစ်နေတယ်. . . (မှန်ပါ) အဲ . . . သူပို့တဲ့နေရာလည်း တပည့်တော်တို့ မသွားနိုင်ဘူးဘုရား၊ ဘာဖြစ်လို့တုံး . . . အိုဘေး နာဘေး သေဘေး ကြောက်တယ် မဟုတ်ဘူးလား . . . (မှန်ပါ)။

## (၃) သီလကုသိုလ်ပို့တာကြိုက်သလား

သီလကုသိုလ်ကလည်း ပို့မှာပဲ လူ့ပြည် နတ်ပြည်ကို၊ ဘယ်လိုပို့ပို့ သူကလည်း. . . အိုဘေး နာဘေး သေဘေးရှိတဲ့ ဆီကို ပို့တာပဲ (မှန်ပါ) ဒါဖြင့် သီလကုသိုလ် ပို့တဲ့ဆီလည်း ဦးသန်းမောင် သွားဖို့တော်ပါ့မလား ဟိုမှာ ဒုက္ခသစ္စာရှိနေတယ် (မှန်ပါ) ရောက်တဲ့နေရာမှာ ဒုက္ခသစ္စာရှိနေတယ်ဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီ) ဒါဖြင့် အဲဒီတော့ သွားချင်ကြရဲ့လား၊ (မသွားချင်ပါဘူး) ဒုက္ခလွတ်ရာသွားမှ ကျုပ်တို့အကြိုက်ဖြစ်ရမှာကိုးဗျ (မှန်ပါ)။

www.dhammadownload.com



## (၄) သမထကုသိုလ်ပို့တာကြိုက်သလား

သမထ ကုသိုလ်အားထုတ်ပြီး သကာလ သမထ ကုသိုလ်ပို့ရာ သွားမလားလို့ဆိုတော့ ဦးတင် ဖြဟ္မာပြည် နှစ်ဆယ်သွားရလိမ့်မယ်၊ သွားချင်ကြရဲ့လား (မသွားချင်ပါဘူး) ဟိုမှာလည်း သက်ဆိုးရှည်နေတာပဲ . . . (မှန်ပါ) ခန္ဓာဝန်ထမ်းပြီးသကာလ . . . အိုဘေး နာဘေး သေဘေး တွေနဲ့အတူတူ နေရတာ ဖြစ်နေသောကြောင့် သမထ ကုသိုလ်ပို့တဲ့ဆီတော့ ဒို့မသွားဘူး . . . (မှန်ပါ) ဘာကြောင့် တုံး အသက်ရှည်ပြီး ဒုက္ခရောက်နေတာ (မှန်ပါ)၊ ဒုက္ခသစ္စာ ကြီးထမ်းပြီးလည်နေတာကိုး (မှန်ပါ)။

ဒါဖြင့် ယခုပြောခဲ့တဲ့ လေးချက်ကို ဦးတင်လည်း မကြိုက်ဘူး၊ ဦးသန်းမောင်လည်း မကြိုက်ဘူး (မှန်ပါ)။

## (၅) ဝိပဿနာကုသိုလ်ပို့တာကြိုက်သလား

ဒါဖြင့် ဝိပဿနာကုသိုလ် ပို့တဲ့နေရာကော မကြိုက်ဘူးလားလို့ ဒီဒကာ ဒကာမတွေ မေးလိုက်လို့ရှိရင် သူက တော့ဖြင့် နိဗ္ဗာန်ပဲပို့မယ်။ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ပဲပို့မယ်။ ရှင်းကြပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ဘယ်ဟာ အကြိုက်ဆုံးလဲ . . . (ဝိပဿနာ ကုသိုလ်ပို့တာ အကြိုက်ဆုံးပါ)။

www.dhammadownload.com



ဒါကြောင့် ဝိပဿနာဆိုတာ ဘာတုံးလို့ မေးတဲ့အခါ ကျတော့တရားလို့ ဆုံးဖြတ်ချက် ချလိုက်စမ်းပါ (မှန်ပါ)။

ဒါဖြင့် တရားပို့ရာကို ကျုပ်တို့သွားရပါလိမ့်မယ်။ ကဲဒါဖြင့်နောက်တုန်းကတော့ မျက်စိလည်ခဲ့တဲ့အတွက် ဒီဒကာ ဒကာမတွေ အကုသိုလ်ပို့တဲ့ဆီလည်းအပါယ်လေးပါး နေခဲ့ပြီ။ တရားပို့လိုက်တာ (မှန်ပါ)။ ဒါနကုသိုလ်နဲ့ လူ့ပြည် လည်း အကြိမ်ကြိမ်ခံစားခဲ့ကြပြီ။ နောက်ဆုံးပိတ်ကနေ အိုပွဲ နာပွဲ သေပွဲတွေနဲ့ချည်း အကြိမ်ကြိမ်တွေ့ခဲ့တယ်။ ဒါလည်း မဟုတ်သေးဘူး မကောင်းသေးဘူးဆိုတာ အခုအခါ ရိပ်မိကြ ပြီ။ သီလ ကုသိုလ်ပို့လိုက်တာလည်း လူ့ပြည် နတ်ပြည် ဆိုတော့ ဦးဇင်းတို့ အကြိမ်ကြိမ်ရောက်ခဲ့ပြန်ခဲ့ရပြီ (မှန်ပါ) ပြန်တယ်ဆိုတာ ဒီအတိုင်းလာနိုင်တာလည်း မဟုတ်ဘူး၊ အိုသေပြီးမှလာခဲ့ရတာ (မှန်ပါ) ဒါကြောင့် ဦးသန်းမောင် ဒါလဲ အဆိုးထဲကပဲ . . . (မှန်ပါ) ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ဘယ်တရားပို့တဲ့ဆီကို သွားကြမလဲ လို့မေးတော့ . . . တရားပို့လို့ အခုဒီနေရာ ရောက်လာပြီ၊ နောက်တစ်ခါ ဘယ်တရားပို့တဲ့ဆီကို ခင်ဗျားတို့သွားမတုံးလို့ မေးတဲ့အခါကျတော့ တပည့်တော်တို့ သစ္စာသိပြီဘုရား။ ဒုက္ခ သစ္စာရှိတဲ့ဆီတော့ မသွားချင်ဘူး။ ဒုက္ခသစ္စာမရှိတဲ့ဆီတော့ တပည့်တော်တို့သွားချင်ပါတယ် (မှန်ပါ) ပေါ်ပလား . . . ပေါ်ပါပြီ)။

www.dhammadownload.com



ဒါဖြင့်- ဒုက္ခသစ္စာမရှိတဲ့ဆီ တပည့်တော်တို့ သွားချင်ပါတယ်ဆိုသဖြင့် . . . ဝိပဿနာရှုကြ မင်္ဂဆိုက်သွားပါလိမ့်မယ် (မှန်ပါ) မင်္ဂက ပို့လိုက်တဲ့အခါကျလို့ရှိရင် နိဗ္ဗာန်မှတစ်ပါး ဦးအောင်ဇံဝေဘယ်မှ မပို့ဘူး . . . (မှန်ပါ) ဒုက္ခထဲပို့သေးရဲ့လား (မပို့ပါဘူး)။

## ဒုက္ခလွတ်ရာပို့တာအကြိုက်ဆုံး

ဒါဖြင့်- တရားတွေအများကြီး ရှိပေမယ့်လည်း ဘယ်တရားသည် သစ္စာသိတဲ့ပုဂ္ဂိုလ်၏ ပို့လိုတဲ့တရားထဲမှာ အကြိုက်ဆုံးလဲ မေးလို့ရှိရင် ဦးတင်ဖြေစမ်းပါ (ဒုက္ခလွတ်ရာပို့တာအကြိုက်ဆုံးပါ) ပေါ်ပြီ . . . (ပေါ်ပါပြီ) မောင်ချစ်စိန်ကော (ပေါ်ပါပြီဘုရား) နောက်က သီလရှင်တွေကော (ပေါ်ပါပြီဘုရား) ဘယ်သူပို့ရာသွားချင်ကြသလဲ (ဝိပဿနာပို့ရာသွားချင်ပါတယ်ဘုရား)။

ဝိပဿနာပို့ရာ သွားချင်ကြတယ်ဆိုတာ ဟုတ်တယ် . . . ဝိပဿနာကတော့ ကိလေသာဖြတ် ကံဖြတ်ပြီး ပို့တဲ့နေရာဖြစ်လေသောကြောင့် ကိလေသာ ဖြတ်တယ်ဆိုတော့ ကိလေသဝဋ်ပြတ်ပြီလို့ ဦးတင်က မှတ်လိုက် (မှန်ပါ) ကံဖြတ်လိုက်တယ်ဆိုကတည်းက ကမ္မဝဋ်ကော (ပြတ်ပါတယ်ဘုရား) ကမ္မဝဋ်ပဲပြတ်ပေါ့ ဦးသန်းမောင် သူ့ အကျိုးထဲ

www.dhammadownload.com



ဝိပါကဝဋ်လုပ်ချင်လို့ ရသေးရဲ့လား (မရပါဘူး)။

အဲဒါကြောင့် ဝိပဿနာကတော့ဖြင့် ဒကာ ဒကာမ တို့ဝဋ်သုံးပါးကျွတ်တဲ့ဆီကို ပို့တယ် (မှန်ပါ)။

## တရားသားချည်းဟောသောနေ့

ဒီနေ့တရားမှာ တရားသားချည်း ဟောနေတယ်ဆို တာသေသေချာချာ မှတ်စမ်းပါ (မှန်ပါ) အစစ်တွေရွှေးပြီး သကာလ တရားစပြီးချီကတည်းက အင်မတန်သိစေလိုတဲ့ ဆန္ဒနဲ့ မရွှေးတတ်မှာစိုးလို့ ရွှေးပုံအခြင်းအရာ အာဟာရတွေ ပါ ပြောလိုက်ပါတယ် (မှန်ပါ) ကိုယ်လာတာမသိဘဲနဲ့ နေမှာ စိုးလို့ အရမ်းလာခဲ့တယ်ဆိုတာလည်း သိအောင်လို့အရမ်း တရားတွေပို့လိုက်တဲ့ဆီကို ခင်ဗျားတို့ အရမ်းရောက်ချင်သလို ရောက်လာလို့ ရှေးကမရွှေးတတ်ဘူး သစ္စာမသိလို့ (မှန်ပါ) သူပို့ရာကို ကျုပ်သွားမယ်ဆိုတဲ့ အဓိပ္ပါယ်ပါ ရောက်နေတယ် (မှန်ပါ) . ... အခုတော့ ကျုပ်တို့ရွှေးပြီးသကာလ အပို့ခိုင်း မလို့ (မှန်ပါ) ဒီသဘောဟာ သေးတာမဟုတ်ဘူး (မှန်ပါ)။

ဦးသန်းမောင် တရားပို့လို့ ရောက်တယ်ဆိုတာသိ တော့ တချို့တရားကပို့လိုက်တာ အပါယ်လေးပါးများ ရောက်သွားတယ် (မှန်ပါ) တချို့တရားကပို့လိုက်တာ နတ်ပြည်ရောက်ပြီး ကျွမ်းထိုးမှောက်ခုံအပါယ်ပြန်ကျတယ်၊

www.dhammadownload.com



တချို့ တရားကပို့လိုက်တာ ဖြဟ္ဟာပြည်ရောက်ပြီး ကျွမ်းထိုး မှောက်ခုံ အပါယ်ပြန်ကျတယ် (မှန်ပါ)။

ဒီတရားတွေကို ခင်ဗျားတို့ ကိုးစားရာ အားထားရာ အဖြစ်နဲ့လုပ်လို့ တော်ပါ့မလားဆိုတာ ယနေ့မေးပါတယ် (မတော်ပါဘူးဘုရား)။

ဒီလိုမတော်ဘူးဆိုတဲ့ အသံကလေးဟာ ဦးတင်၊ ဦးသန်းမောင်၊ ဦးအောင်ဖေ မတော်ဘူးလို့ ခင်ဗျားတို့ပါးစပ်ထဲက ထွက်လာတယ်၊ သစ္စာသိလို့ ထွက်လာတာ (မှန်ပါ)။

ဘာဖြစ်လို့ထွက်လာတာလဲ (သစ္စာသိလို့ထွက်လာတာပါ)။

သစ္စာသိလို့ ဪ . . . နတ်ပြည်ဆိုတာလည်း ဒုက္ခသစ္စာပဲ။ အိုဘေး နာဘေး သေဘေးနဲ့ကိုး၊ သောက ပရိဒေဝ ဒုက္ခဘေးတွေနဲ့ကိုးလို့ မသိဘူးလား (သိပါတယ်)။

## နတ်ပြည်သွားချင်သေးသလား

ဒီတော့ သစ္စာသိလို့ ဦးသန်းမောင် နတ်ပြည်သွားချင်သေးသလားဆိုတော့ . . . (မသွားချင်ပါဘူး) ဘာဖြစ်လို့တုံး (အိုနာသေ ရှိပါတယ်) ပထမတော့ ပျော်သလိုလိုနဲ့ နောက်ပျင်းခန်းကလာရလိမ့်မယ် (မှန်ပါ) ပျော်ခန်း ပျင်းခန်း ကရှိသေးတာကို (မှန်ပါ)။

www.dhammadownload.com



ပထမတော့ ပျော်သလိုလိုနဲ့ နောက်ပျင်းခန်းနဲ့ ဇာတ်သိမ်းရမယ် (မှန်ပါ) ကောင်းကြပါ့မလား (မကောင်းပါဘူးဘုရား)။

အေး . . . ဒါတွေက ဘယ်ပုဂ္ဂိုလ်မှ ရွေးတတ်သတုံး မေးတော့မှ ခင်ဗျားတို့ ရွေးတတ်တယ်၊ ဘုန်းကြီးကပဲအမွှမ်းတင်လိုက်ပါတယ် (မှန်ပါ) ဘာ့ကြောင့် အမွှမ်းတင်လိုက်သတုံးဆိုတော့ ဒီဒကာ ဒကာမတွေ သစ္စာဟောထားတယ် (မှန်ပါ) အိုဘေး နာဘေး သေဘေး မရှိတာက နိဗ္ဗာန်ကိုးဗျ (မှန်ပါ) အိုဘေး နာဘေး သေဘေး ရှိတာက လူ့ပြည် နတ်ပြည် အပါယ်လေးပါးကိုး (မှန်ပါ)။

အဲဒီတော့ မွေ့ငါးမျိုးရှိတဲ့အနက်က အကုသိုလ်ပို့ရာလည်းတပည့်တော်တို့ မသွားဘူးဘုရား အပါယ်လေးပါးမို့ (မှန်ပါ) ဒါနကုသိုလ် သီလကုသိုလ် ပို့ရာလည်း တပည့်တော်တို့ မသွားဘူးဘုရား။ လှူတော့ လှူပါမယ်၊ လှူပေမယ့်အလှူပို့တဲ့ဆီတော့မသွားဘူး၊ ဟုတ်ပလား (မှန်ပါ) သူကတော့ပို့မှာပဲ မသွားဘူး၊ ကျုပ် ဒါနကုသိုလ်ကို ဒုက္ခသစ္စာလိုချင်လို့ပြုတာ မဟုတ်ဘူးဆိုတော့ သွားသေးရဲ့လား (မသွားပါဘူး)။

အဲဒီတော့ သစ္စာသိထားမှ ဒါနကလည်း လမ်းဆုံးပို့တယ် သီလကကော (လမ်းဆုံးပို့ပါတယ်) လမ်းဆုံးဆိုတာ နိဗ္ဗာန်ပဲ (မှန်ပါ) သမထကလဲ (လမ်းဆုံးပို့ပါတယ်)။

www.dhammadownload.com



ဝိပဿနာကတော့ ခင်ဗျားတို့က ပို့ပါလို့မဆိုနဲ့တော့ သူကကိလေသာဖြတ် ကံဖြတ် အကျိုးပေးဖြတ်ကိုး . . . (မှန်ပါ) ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် သူကတော့ ကိလေသာဝဋ် ကမ္မဝဋ် ဖြတ်လိုက်တဲ့အတွက် ဝဋ်ကျွတ်တဲ့နေရာပို့မှာပဲဆိုတာ ဦးသန်းမောင် မှတ်လိုက် (မှန်ပါ)။

## အားကိုးထိုက်တာအစစ် ရှာရစ်ကြ

ဒါဖြင့် ဒို့ဆရာဘုန်းကြီးသည် ဒို့အကျိုးကို အများကြီး အလိုရှိတဲ့အတွက် ဘာအရေးတကြီး ပြောနေသတုံးဆိုတဲ့ အခါကျတော့ "အားကိုးထိုက်တာအစစ် ရှာကြ" ဆိုတာ ပြောတာပါပဲ (မှန်ပါ) ဦးတင်ပေါ်ပလား (ပေါ်ပါပြီ)။ ဘယ်လို ပေါ်သတုံး (အားကိုးထိုက်တာအစစ် ရှာရပါမယ်)။

ဒီရှာနည်း နိဿရည်းကိုလည်း ဒကာ ဒကာမတွေ စဉ်းစားပါဦး၊ သစ္စာမသိတဲ့ပုဂ္ဂိုလ်ဟာ ဘာမှ သူမရှာတတ်ဘူး၊ ဖြစ်သ၍အကြောင်း အကောင်းချည်းပဲ ပြောတာပဲ (မှန်ပါ)။

သစ္စာမသိတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုသုံးလေ့ရှိသတုံး . . (ဖြစ်သ၍ အကြောင်းအကောင်းချည်းပါပဲ) ရွေးတတ်လို့ပြော တာလား၊ မရွေးတတ်လို့ ပြောတာလား (မရွေးတတ်လို့ပါ ဘုရား)။

www.dhammadownload.com



ဒါဖြင့် ယနေ့ည ဒီ ဆရာဘုန်းကြီးက ခင်ဗျားတို့ကို ကလေးလေးဖြစ်ပြီးသကာလ နေပြားသော်လည်း လူကြီး စိတ်သွင်းတဲ့နေ့ (မှန်ပါ) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်)။

နဂိုကတော့ဖြင့် ဖြစ်သ၍အကြောင်း အကောင်း ချည်းပဲ၊ ဦးသန်းမောင်တို့လည်း သုံးမှာပဲ၊ ဦးတင်တို့လည်း သုံးမှာပဲ (မှန်ပါ) မဟုတ်ဘူး . . . ဖြစ်သ၍အကြောင်း အကောင်းချည်းပဲဆိုတာ ကိုယ်ကလည်း ကြိုက်တာရွေးဦးမှ ပေါ့၊ သူလုပ်သလို ခံတော့မလား၊ ဘုန်းကြီးကမမေးရပေဘူး လား (မှန်ပါ) ဖြစ်သ၍အကြောင်း အကောင်းချည်းပဲဆိုတာ သူလုပ်သ၍ခံတယ်ဆိုတဲ့ အမိပ္ပါယ် မရောက်ပေဘူးလား (ရောက်ပါတယ်)။

## ငါသစ္စာသိပြီ၊ အကောင်းကိုရွေးတတ်ပြီ

အခုဟာက မင်းတို့လုပ်သလို မခံဘူးကွ၊ ငါသစ္စာသိ ထားပြီ၊ အပို့ကောင်းကိုရှာမယ်ဆိုတော့ အတော်ထင်ရှားသွား ပြီ (မှန်ပါ) မထင်ရှားသေးဘူးလား (ထင်ရှားပါပြီ) အပို့ ကောင်းကို ရွေးလိုက်ပါ (မှန်ပါ)။

ဦးအောင်ဇံဝေ ပေါ်ပြီ (မှန်ပါ) ပေါ်ပြီ၊ အပို့ကောင်း ကိုရွေးတတ်တယ်ဆိုကတည်းက ဦးသန်းမောင်ဘာဖြစ်လို့ ရွေးတတ်တာတုံး (သစ္စာသိလို့ပါ) ဘယ်လောက်ကျေးဇူးများ သတုံး မောင်ချစ်စိန် (မှန်ပါကျေးဇူးများပါတယ်)။

www.dhammadownload.com



ဒါဖြင့် ဒကာ ဒကာမတွေ ပြောနေကြတဲ့ စကားဟာ ဘုန်းကြီးတို့ နည်းနည်း အသိဉာဏ်ပေါ်တဲ့ ပုဂ္ဂိုလ်ကတော့ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဘုရား၊ ကံစီမံသလိုပဲ၊ အို . . . ဒီလိုမလုပ်ပါနဲ့၊ ဘုန်းကြီးတို့က ကန့်ကွက်တယ် (မှန်ပါ) ဉာဏ်စီမံသလိုလုပ်ပါလား။ ဝိပဿနာဆိုတာ ဉာဏ်ပဲ မဟုတ်လား (မှန်ပါ) ဉာဏ်မှ ဖြစ်ပျက်မြင်တာ (မှန်ပါ)။

## ဘုန်းကြီးကသာမညဘုန်းကြီး မဟုတ်ဘူး

ကံစီမံသလို ခံရမှာပဲဆိုပြီး ဦးသန်းမောင် ကံကိုချည်း လွှဲချတဲ့အသုံး မသုံးနဲ့ (မှန်ပါ) ဘုန်းကြီးက သာမညဘုန်းကြီး မဟုတ်ဘူး။ ခင်ဗျားတို့ကို ဉာဏ်ပေးနေတာ။ ဉာဏ်စီမံရာကို သွားပါ (မှန်ပါ) ကံစီမံရာက ၃၁-ဘုံ။ ဉာဏ်စီမံရာက ၃၁-ဘုံ ပြင်ဘက် ၃၁-ဘုံမှလွတ်ရာ (မှန်ပါ) ပေါ်ပလား. . . (ပေါ်ပါပြီ)။ ကံစီမံရာက (၃၁-ဘုံအတွင်းပါ)၊ ဉာဏ်စီမံရာက (၃၁-ဘုံမှလွတ်ကင်းရာပါ)၊ ၃၁-ဘုံက ဒုက္ခသစ္စာ၊ ၃၁-ဘုံ အပြင်ဘက်ထွက်မှ နိရောဓသစ္စာ (မှန်ပါ)၊ ပေါ်ပလား. . . (ပေါ်ပါပြီ)။

ဒါဖြင့် ဦးအောင်ဇံဝေ ဘယ်သူစီမံရာလိုက်မယ် (ဉာဏ်စီမံရာ လိုက်ပါမယ်)။

'www.dhammadownload.com



# (၁) ကမ္မဿကတဉာဏ်

ဉာဏ်ကလဲ တစ်ခါခွဲကြစို့၊ ဉာဏ်ကဘယ်လိုခွဲရမတုံးလို့မေးတဲ့အခါကျတော့မှ . . . ဦးတင် တရားသားကြီးပြောရတဲ့အတွက် မှတ်မယ်သာ စိတ်ကူးပေတော့ (မှန်ပါ) ဉာဏ်စီမံသလိုသွားမယ်ဆိုတော့ ကမ္မဿကတဉာဏ်ကတစ်မျိုး၊ ကောင်းတာလုပ်ကောင်းကျိုးပေးတယ်လို့သိတဲ့ဉာဏ်ကလေးလောက်ကိုလည်း သူစီမံတာကို ဦးသန်းမောင်ကမလိုက်နဲ့ (မှန်ပါ)ကောင်းတာလုပ်ရင် ကောင်းကျိုးပေးတယ်ဆိုတာ ကမ္မဿကတဉာဏ် (မှန်ပါ)မလိုက်နဲ့ပြုတ်ကျတယ်။ သုဂတိတော့ပို့လိုက်တာပဲ။ ပို့ပေမယ့်လည်း သူကဒိဋ္ဌိတန်းလန်းပါသွားတယ်၊ ငါလုပ်လို့ငါရတယ်ဆိုတဲ့ ဒိဋ္ဌိကမပါဘူးလား (ပါပါတယ်)။

ဒီတော့ ကမ္မဿကတဉာဏ် ပို့ရာကိုလည်း ဦးတင်က မလိုက်နဲ့၊ ဒိဋ္ဌိပါသွားတယ်၊ ဆွဲပြီးတော့ ပြန်ချမှာပဲ။ ပို့လည်းပို့တယ်၊ အောက်ကိုလည်း ဆွဲချလိုက်တယ် (မှန်ပါ) ဒီတော့ ကောင်းသေးရဲ့လား . . . (မကောင်းပါဘူး) ပေါ်ကြပလား (ပေါ်ပါပြီ)။

ဟာ . . . ဒါဖြင့် ကမ္မဿကတဉာဏ်ပို့ရာ တပည့်တော်မလိုက်ဘူးဆိုတော့ . . . ဘာဖြစ်လို့ဆိုတော့ . . . အို . . . ပြန်ရောက်ဦးမှာဘုရား၊ ဒိဋ္ဌိတန်းလန်းနဲ့ တက်သွားတာ (မှန်ပါ)။

www.dhammadownload.com



## မြားမှန်ထားတဲ့ငှက်ဥပမာ

ဦးသန်းမောင်တို့ ဦးတင်တို့ကို . . . ဦးတင်တော့ မကြားရသေးဘူး၊ ဦးသန်းမောင်တော့ ပြောပြီးပြီ (မှန်ပါ) ငှက်တစ်ကောင် ငှက်ကအင်မတန်ကြီးတယ်၊ ဒီကျောင်းလောက်ရှိတဲ့ ငှက်ကြီးထားပါတော့၊ အဆိပ်လူးတဲ့ မြားကလေးနဲ့ ပစ်လိုက်တဲ့အခါကျတော့ အဆိပ်လူးတဲ့ မြားကလေးက သေးသေးကလေး၊ အဖျားဆိုတော့ ချွန်ချွန်ကလေး သာပြီးသေးတာပေါ့ (မှန်ပါ) အဲဒါကလေးနဲ့မှန်တယ်တဲ့။ မှန်ပေမယ့် ငှက်ကကြီးတော့ အဆိပ်က ဖြုန်းခနဲမပြန့်ဘူး (မှန်ပါ) မပြန့်တော့ ပျံတက်သွားတာပဲ။ အဆိပ်မပြန့်ခင် သာပျံနိုင်တာ (မှန်ပါ) အဆိပ်ပြန့်တော့ ဘယ့်နှယ်တုံး (မပျံနိုင်ပါဘူး) ဖြုန်းခနဲပြန်ကျတယ်။

အဲ . . . ကမ္ဘသကတဉာဏ်က ဒိဋ္ဌိအဆိပ်မပြန့်ခင် ပျံတတ်တာ (မှန်ပါ) ဒိဋ္ဌိအဆိပ်ပြန့်သွားတဲ့အခါကျတော့ ဝုန်းဆို ထိုးကျတာပဲ (မှန်ပါ) ပေါ်ပလား (ပေါ်ပါပြီ)။

ဒါဖြင့် ကမ္ဘသကတဉာဏ်လောက်ကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ငါလှူတယ် ငါရတယ်ဆိုတဲ့ တစ်လုံးလောက်ကို အားထားလောက်ပြီဆိုတဲ့စိတ်ကို ယနေ့ဖြုတ်ပစ်ပါ (မှန်ပါဘုရား) အဆိပ်မပြန့်ခင် တက်တာဟေ့။ အဆိပ်ပြန့်ရင် ဒီငှက်ကြီးဘာဖြစ်လာမလဲ (ပြန်ကျလာပါမယ်)။

www.dhammadownload.com



ဒီမှာလည်း ကုသိုလ်ကံအရှိန် မကုန်ခင် အထက်တက်တာ။ ဒိဋ္ဌိအဆိပ်ပြန့်သည်နဲ့ တစ်ပြိုင်နက်တည်း ပြန်ကျမယ်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## ဒီဉာဏ်က ဒိဋ္ဌိမပယ်နိုင်ဘူး

ဒါဖြင့် ကမ္မဿကတဉာဏ်က ဒိဋ္ဌိအဆိပ်ကိုမပယ်နိုင် ရှင်းပလား (ရှင်းပါပြီ) ဒီတစ်လုံးဟာ သေပျော်တဲ့တရားလို့ မှတ်လိုက်စမ်းပါ။ နည်းနည်းနောနော မဟုတ်ပါဘူး။ အားလုံးလည်းအများအားဖြင့်က သူ့ကို အရေးတကြီးပြောနေပါတယ်၊ ဦးသန်းမောင် သူ့ကိုသာအရေးတကြီးပြောနေကြပါတယ်၊ မင်းတို့ကွာ ဒီဘဝလည်း ကျန်းမာ၊ ချမ်းသာ၊ နောက်ဘဝလည်း ကျန်းမာ၊ ချမ်းသာမှာပဲ၊ မင်းလုပ်ထားတာတွေက နည်းတာမှမဟုတ်ဘဲ၊ မင်းရမှာပေါ့၊ မပြောပေဘူးလား (ပြောပါတယ်) ဒါဘာ ပြောတာတုံးဆိုတော့ ဒိဋ္ဌိဦးစီးတယ် (မှန်ပါ)၊ ကိုယ်ကလည်း မယုံဘူးလားဆိုတော့ ကိုယ်လုပ်ကိုယ်ရတယ်ဆိုတော့ ဒိဋ္ဌိက မပါဘူးလား ပါသလား (ပါပါတယ်) ပါတော့ဒါဟာကမ္မဿကတဉာဏ်ဟာဒိဋ္ဌိပါတယ် (မှန်ပါ) ရှင်းကြပလား (ရှင်းပါပြီ)။

ကမ္မဿကတဉာဏ်ဟာ ဒိဋ္ဌိပါတယ်ဆိုတော့ ဒီကံစီမံတာကိုလည်း မလိုက်ဘူးကွ ရှင်းပလား (ရှင်းပါပြီ) ဒါဆရာ

www.dhammadownload.com



ကောင်းတွေ့မှ ဒီအဓိပ္ပါယ်ကလဲ ပေါ်တာနော် (မှန်ပါ) ဦးသန်းမောင် နို့မဟုတ်ပေါ်ပါ့မလား (မပေါ်ပါဘူး)။

နို့မဟုတ်လို့ရှိရင် ဦးအောင်ဇံဝေတို့လည်း ထို့အတူပဲ၊ မင်းတို့လုပ်ထားလို့ရှိရင်ကွာ . . . မင်းတို့ရမှာပေါ့လို့ပြော လိုက်လို့ရှိရင် ကိုယ်ကလည်း ငါလုပ်လို့ ငါရတယ် ယူမှာပဲ။ မယူဘူးလား . . . (ယူပါတယ်ဘုရား) ယူရင် ဒိဋ္ဌိပါ မဝါ (ပါ ပါတယ်) ပါလို့ရှိရင်ဖြင့် ကုသိုလ်ကလည်းပို့လိုက်မှာပဲ၊ ဒိဋ္ဌိကလည်း လိုက်သွားမယ်၊ ငှက်ကြီးလိုပဲနော် . . . (မှန်ပါ) အဆိပ်မပြန့်ခင် လန့်ပျံအဖြစ်နဲ့တော့ တက်သွားပါသေးတယ်၊ အဆိပ်ပြန့်တော့ လန့်ပျံ ပျံနိုင်သေးရဲ့လား (မပျံနိုင်ပါဘူး)။

ဒါဖြင့်ကမ္မဿကတဉာဏ်လောက်ဟာ လန့်ပြီးပျံ တက်တယ် (မှန်ပါ) . . . နောက်ဆုံးပိတ်အဆိပ်ပြန့်တော့ ပြန်ကျတယ်၊ အပါယ်လေးပါးပဲ ပြန်ကျတယ် . . . (မှန်ပါ) ဘယ်လောက် အားကိုးလောက်ကဲ့လားလို့ မေးရင် ဘယ်နှယ် ပြောကြမလဲ (အားမကိုးလောက်ပါဘူး)ရှင်းပလား(ရှင်းပါပြီ)။

## ဉာဏ်ကိုအဆီထုတ်ပြီး ရွှေးပြန်တယ်

ဒီနေ့ညတရားမှာ ခုနင်က ဓမ္မတွေရွေးတယ်နော် (မှန်ပါ) ဓမ္မထဲကမှ တစ်ခါ ဉာဏ်အဆီထုတ်ပြီးတော့ ရွှေးပြန် ပါတယ်ဆိုတော့ ဒါနည်းတဲ့အသုံးအနှုန်းမဟုတ်ဘူး . . . (မှန်ပါ) ဉာဏ်ငွေ့ကိုစစ်တာ (မှန်ပါ)။

www.dhammadownload.com



ဒါဖြင့် ဒီဉာဏ်အားမကိုးလို့ရှိရင်ဖြင့် ဟာ- တပည့်တော်တို့ကမ္မဿကတဉာဏ်လောက်ဖြင့် တပည့်တော်တို့ အားမကိုးလောက်ဘူးဆိုတာ အခု ဆရာသမားပြောလို့ ရှင်းပါပြီ၊ ဒိဋ္ဌိတန်းလန်းနဲ့မို့ဆိုတော့ ယုံကြည်ပါပြီနော် (မှန်ပါ)။

## ဘယ်ဉာဏ်အားကိုးရမှာလဲ

ဒါဖြင့် ဘယ်ဉာဏ်အားကိုးရမှာပါလိမ့် . . . ဦးသန်းမောင်က စောဒကတက်ပေ့ါ၊ ဦးအောင်ဇံဝေကစောဒကတက်ပေ့ါ (မှန်ပါ) ဘယ်ဉာဏ်အားကိုးရမှာတုံးဆိုတော့မှ ဟော-နာမရူပ ပရိစ္ဆေဒဉာဏ်ဆိုတာရှိတယ်၊ ဒုတိယဉာဏ် တက်လာပြီ (မှန်ပါ) ခုနက ကမ္မဿကတတင် အခုဟာက နာမရူပ (မှန်ပါ) နာမ်နဲ့ရုပ်ကို ခွဲသိတဲ့ဉာဏ်ကို အားကိုး (မှန်ပါ) . . . ရှင်းပလား . . . (ရှင်းပါပြီ)။

ဘာအားကိုးရမလဲ (နာမ်နဲ့ရုပ်ကိုသိတဲ့ဉာဏ် အားကိုးရပါတယ်)။

## (၂) နာမ်နဲ့ရုပ်ကိုသိတဲ့ဉာဏ်

နာမ်နဲ့ရုပ်ကိုသိတဲ့ဉာဏ် အားကိုးလိုက်ပြန်တော့လည်း သွားချင်တာကနာမ်၊ သွားတာကရုပ်၊ စားချင်တာက နာမ်၊ စားတာကရုပ်၊ အိပ်ချင်တဲ့သဘောကလေးကနာမ်ဆို

www.dhammadownload.com



တော့ နာမ်ရုပ်ကော ကွဲနေတယ် (မှန်ပါ) နာမ်ရုပ်ကွဲတဲ့ဉာဏ် ရပေမယ့်လည်း ဒီဉာဏ်ကလေးကိုဘုန်းကြီးက ခုနင်ကဉာဏ် ထက်တော့သာပေပြီ။ သို့သော် အစစ်အားမကိုးနဲ့ဦး . . . ကန့်ကွက်ပြန်တယ် (မှန်ပါ)။

ဘာဖြစ်လို့ အစစ်အားမကိုးရသေးသလဲ၊ တစ်ဘဝ တွင် စူဠသောတာပန်သွားဖြစ်တယ်၊ တစ်ဘဝနှစ်ဘဝသာ အပါယ်လွတ်တာ၊ နောက်ဘဝတွေကျတော့ (မလွတ်နိုင်သေး ပါဘူး)။

## ခဏသာအပါယ်လွတ်တယ်

မလွတ်နိုင်သေးတော့ ဟာ . . . ဒါဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်လောက်နဲ့လည်း ဦးတင် အားမကိုးနဲ့ဦး (မှန်ပါ) ခဏတစ်ဖြုတ် အပါယ်လွတ်တာပဲရှိသေးတယ်၊ မဟုတ် ဘူးလား (ဟုတ်ပါတယ်) စူဠသောတာပန် ဖြစ်သွားတာကိုး၊ဗျ (မှန်ပါ)။

အဲဒီတော့ မသိခင်တုန်းကဆိုတော့ ဒီဒကာ ဒကာမ တွေမှာ စူဠသောတာပန်လောက်ဆိုရင် ကျုပ်ကျေနပ်ပြီ၊ ပြောချင် ပြောတာ (မှန်ပါ) မပြောကြဘူးလား (ပြောကြပါ တယ်) စူဠသောတာပန်လောက်ဆိုရင် ကျုပ်ကျေနပ်ပြီ။ နောက်ဟာ ဦးအောင်ဇံဝေတို့ ကြားဖူးမှာပဲ၊ ခဏအပါယ်

www.dhammadownload.com



လွှတ်တာကလေးနဲ့ သူကျေနပ်တယ်၊ နောက်ဘဝတွေ သူမမြင်လို့ ပြောတဲ့စကားပဲလို့ ဦးတင် ဆုံးဖြတ်ချက်ချ (မှန်ပါ)။

ဒါဖြင့် ဒီဉာဏ်ပဲ ခုနကဉာဏ်ထက်တော့သာရဲ့၊ သို့သော် ဒုတိယဉာဏ်ဟာ တကယ်အားကိုးလောက်ပလား လို့ မေးတော့ ကမ္မဿကတဉာဏ်ထက်တော့ နာမရူပ ဉာဏ်ကသာပါရဲ့၊ သာပင်သာငြားသော်လည်း အသာကြီး ကျုပ်တို့အလိုကျ မဖြစ်သေးဘူး (မှန်ပါ) ဖြစ်ပလား. . . (မဖြစ်သေးပါဘူး)။

## (၃) ပဋိစ္စသမုပ္ပါဒ်သိတဲ့ဉာဏ်

မဖြစ်သေးတော့ ဘယ်ဉာဏ်အားကိုးလောက်သလဲ၊ ပစ္စယပရိဂ္ဂဟဉာဏ် အားကိုးလောက်တယ်၊ ပစ္စယပရိဂ္ဂဟ ဉာဏ်ဆိုတာက ပဋိစ္စသမုပ္ပါဒ်သိတဲ့ဉာဏ်ပဲ. . . (မှန်ပါ) ပဋိစ္စသမုပ္ပါဒ် သိတဲ့ဉာဏ်က အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်။ ဩော်. . . သံသရာကြီး ထဲ မှာ ဒီလိုဖြစ်လိုက် ဒီလိုနေကြတာပဲ. . . သူ့အကြောင်းနဲ့ သူ့အကျိုးနဲ့ ဖြစ်နေတာပဲ ပုဂ္ဂိုလ်သတ္တဝါတော့ မရှိဘူး၊ အကြောင်းအကျိုးတွေပဲ ရှိတယ် ဆိုတာကော မသိဘူးလား . . . (သိပါတယ်)။

www.dhammadownload.com



## သူလဲဉာဏအပါယ်လွတ်တယ်

ဒါကလည်း ခုနက စူဠသောတာပန်စခန်းထဲကပဲ သူရှိနေသေးသောကြောင့် ဦးတင်တို့ ဦးသန်းမောင်တို့ ပဋိစ္စသမုပ္ပါဒ် နားလည်ရုံနဲ့လည်း သေပျော်ပေါ့လို့ မဆိုလိုက်ပါနဲ့ ခဏတစ်ဖြုတ် အပါယ်လွတ်တာ (မှန်ပါ) ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါဖြင့် ဘယ်နှဉာဏ်တုံး. . . ဆရာဘုန်းကြီး သင်လာတာ (သုံးဉာဏ်ပါ) သုံးဉာဏ်ရှိသွားတော့ ကြပ်ကြပ် အရေး တကြီးမှတ်ကြပါ ဒကာ ဒကာမတွေ။ ရှင်းပြီနော်. . (ရှင်းပါပြီဘုရား)။

## (၄) ဖြစ်ပျက်သိတဲ့ဉာဏ် ဝိပဿနာဉာဏ်

ဒါဖြင့် ဖြစ်ပျက်သိတဲ့ ဉာဏ်ကို တပည့်တော်တို့ အားကိုးလောက်တယ်၊ လက္ခဏာသိတဲ့ဉာဏ်ပေါ့. . . (မှန်ပါ) လက္ခဏာရေးသုံးပါးသိတဲ့ဉာဏ် ရှင်းပလား. . . (ရှင်းပါပြီ)။

လက္ခဏာရေးသုံးပါး သိတဲ့ဉာဏ် အားကိုးတော့မယ် ဆိုတော့ ၄-နံပါတ် ရောက်မလာဘူးလား (ရောက်လာပါ တယ်) ၄-နံပါတ် ရောက်လာတယ်. . . လက္ခဏာရေးသုံးပါး သိတဲ့ဉာဏ်ပဲ၊ တပည့်တော်တို့ အားကိုးတော့မယ့် ဝိပဿနာဉာဏ်ပဲ။

www.dhammadownload.com



ဟာ. . . ဒဏာ ဦးသန်းမောင်၊ ဦးတင် ဒါလောက်နဲ့လည်း မတင်းတိမ်နဲ့ဦးနော်. . . (မှန်ပါ) ပြောလိုက်ပြန်တယ် ဘာ့ကြောင့် ပြောလိုက်ပြန်သတုံးဆိုတော့ ဒုတိယဘဝသူက ပဋိသန္ဓေနေမယ်၊ ပဋိသန္ဓေနေရင် ဇာတိဒုက္ခ ဇရာဒုက္ခ မရဏ ဒုက္ခ မလာပေဘူးလား (လာပါတယ်) ပြီးတော့မှ သူက အထက် ကူးမယ်ဆိုတော့ တစ်ဘဝနာသွားမယ်. . . (မှန်ပါ) မနာဘူးလား. . . (နာ့ပါတယ်)။

## သူများနဲ့စာရင်တော့ ကောင်းပါတယ်

တစ်ဘဝ နာသွားပြန်တော့လည်း ဩော်. . . အနာလွတ် ကြိုက်တဲ့ဉစ္စာ တစ်ဘဝနာတယ်ဆိုလို့ရှိရင်. . . သူများနဲ့ စာရင်တော့ ကောင်း၏၊ မဟုတ်ဘူးလား. . . (မှန်ပါ) ခုနင်က အောက်ကဟာတွေနဲ့ စာရင်တော့. . . (ကောင်းပါတယ်) ပေါ်ကြပလား (ပေါ်ပါပြီ)။

တကယ် အကောင်းစစ်လားလို့ သစ္စာသိတဲ့ပုဂ္ဂိုလ်၏ အကောင်းစစ်လားလို့ မေးတော့. . . (မဟုတ်သေးပါဘူး) တစ်ဘဝ ဇာတိ ဇရာ မရဏ ရှိတယ်၊ တစ်နေ့က ဉပုသ်နေ့က ဟောခဲ့တယ် (မှန်ပါ)။

www.dhammadownload.com



## အကောင်းစစ်ကိုကြိုက်ပါ

ကဲ... ဒါဖြင့် ဒီညဏ်ကို ဦးအောင်ဇံဝေတို့ ဦးသန်းမောင်တို့က ကြိုက်ပလား... (မကျေနပ်သင့်သေးပါဘူး) ဘာကြောင့် မကျေနပ်သင့်သတုံးလို့ မေးတဲ့အခါကျတော့ တစ်ဘဝ ဇာတိ ဇရာမရဏနဲ့ နေရတယ်ဆိုရင် တစ်ဘဝ ဒုက္ခ ရောက်တာပဲ... (မှန်ပါ)။

ဦးတင် ဘာတုံး... (တစ်ဘဝ ဒုက္ခရောက်ပါတယ်) တစ်ဘဝ ဒုက္ခရောက်တာပဲဆိုတာ မောင်ချစ်စိန် ပေါ်ပလား (ပေါ်ပါပြီ) ပေါ်တော့ စင်းလုံးချော အကောင်းကိုကြိုက်ပါတယ် (မှန်ပါ)။

ဘယ့်နှယ်တုံး (စင်းလုံးချောအကောင်းကို ကြိုက်ပါတယ်) အကောင်းစစ်ကိုကြိုက်ပါ (မှန်ပါ)။

အကောင်းစစ်ကို ကြိုက်လို့ရှိရင်ဖြင့် ဦးသန်းမောင်၊ ဦးတင် ဒုက္ခချုပ်အောင် လုပ်လိုက် (မှန်ပါဘုရား) သဘောကျပလား (ကျပါပြီဘုရား) ဒုက္ခတွေဟူသရွေ့ ချုပ်အောင်လုပ်လိုက်... (မှန်ပါ)။

## ဒုက္ခတွေ အကုန်ချုပ်အောင် လုပ်လိုက်

ဒုက္ခတွေဟူသရွေ့ ဘာတုံး... (ချုပ်အောင်လုပ်ရပါမယ်)။ ချုပ်အောင်လုပ်၊ တစ်ခါချုပ်နဲ့လည်း မကျေနပ်နဲ့၊

www.dhammadownload.com



နှစ်ခါချုပ်နဲ့လည်း မကျေနပ်နဲ့၊ လေးခါလောက်ချုပ်အောင် လုပ်ပစ်လိုက် (မှန်ပါ) ဒီဘဝက သေ၊ ဟိုဘဝ မအို မသေ အမြဲနေတဲ့နိဗ္ဗာန်ရောက်ပြီ (မှန်ပါ) ပဋိသန္ဓေလည်း မနေ တော့ဘူး၊ နေသေးသလား . . . (မနေပါဘူး)။

မနေတော့ ဒုက္ခလေးခါလောက် ချုပ်ပြီးတဲ့ပုဂ္ဂိုလ်၊ မြင်ပြီးတဲ့ ပုဂ္ဂိုလ်ကျတော့ မောင်ချစ်စိန် အကောင်းဆုံးဉာဏ် ပဲ (မှန်ပါ) မဂ်လေးပါးကို ဆိုလိုက်ပါတယ် ရှင်းပလား (ရှင်းပါပြီ) ပေါ်ကြပလား (ပေါ်ပါပြီ)။

## (၅) မဂ်ဉာဏ်ဟာအကောင်းဆုံး

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီနေ့ ဉာဏ်စဉ် ရွေးလိုက်တာ အရင်တုန်းက ဓမ္မတွေရွေးခဲ့တယ် . . . ဓမ္မ ငါးမျိုး (မှန်ပါ) အခု ဓမ္မငါးမျိုးထဲကမှ ခွဲထုတ်ပြီးသကာလ ဝိပဿနာ ဓမ္မ မဂ်ဓမ္မကို ကြိုက်ပါတယ် ဆိုပြောသော်လည်း ဒီဓမ္မတွေကို တစ်ခါ အဆင့်ဆင့် အယုတ်အမြတ် ရွေးလိုက် တဲ့အခါကျတော့ မောင်ချစ်စိန် မဂ်ဉာဏ်ဟာ အကောင်း ဆုံးပဲ . . . (မှန်ပါ) ပေါ်ကြပလား (ပေါ်ပါပြီ)။

ဒါဖြင့် မဂ်ဉာဏ်မှတစ်ပါး ကျုပ်တို့သည် အားကိုးရာ မရှိ ဆိုတာကိုတော့ ဒုက္ခဟူသ၍ လွတ်အောင်လုပ်လို့ (မှန်ပါ) သူ့မှတစ်ပါး အားကိုးရာရှိသေးသလား . . . (မရှိပါဘူး)။

www.dhammadownload.com



## ဝိပဿနာဉာဏ်က တစ်ဘဝနာမယ်

အဲဒါကြောင့် ဒီကိုလာပြီး အားထုတ်နေတဲ့ ဒကာ ဒကာမတွေ ဒါကိုကြိုးစားကြပါ၊ ကိုယ်ခန္ဓာကြီးက ဖြစ်ပျက် ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာချုပ်အောင် မောင်ချစ်စိန်တို့ ကြိုးစားနိုင် သမျှ ကြိုးစားရမယ် (မှန်ပါ) ဦးတင်တို့က ကြိုးစားနိုင် သလောက် ကြိုးစားရမယ် မဟုတ်ဘူးလား. . . (မှန်ပါ) မဆုံးရင် ဝိပဿနာဉာဏ်ဆိုရင် တစ်ဘဝနာမယ် (မှန်ပါ) အပါယ်တော့ မကျတော့ပါဘူး၊ ဆုံးရင် တစ်ဘဝကို မနာ တော့ဘူး (မှန်ပါ) တစ်ခါတည်းနဲ့ ကိစ္စပြီးသွားမယ်ဆိုတော့ကို အကျေနပ်ကြီး ကျေနပ်ဖို့ မကောင်းဘူးလား (ကောင်းပါ တယ်)။

## တစ်သက်နဲ့တစ်ကိုယ်မကြားဖူးသောတရား

ကိုင်း. . . ဒါဖြင့် အတော်အရေးကြီးတဲ့အချက်ကို အတော်အရေးကြီးသလို ပြောနေပါလား ဆိုတာကော ဦးတင်တို့ ဦးသန်းမောင်တို့ ပေါ်ပလား (ပေါ်ပါပြီ) တစ်သက် နဲ့ တစ်ကိုယ် မကြားဖူးဘူးပေါ့ (မှန်ပါ မကြားဖူးပါဘူး) ဒီလောက် ဝေဖန်တာ မကြားဖူးဘူး။

ဦးအောင်ဇံဝေ ကိုင်း. . . ဒီလောက် ဝေဖန်တာ ဆိုတော့ အတော်မခဲယဉ်းဘူးလား (ခဲယဉ်းပါတယ်)

www.dhammadownload.com



ကုသိုလ်တစ်မျိုး တည်းထားပြီး ပြောနေတာလို့ ဉာဏ်တစ်မျိုး တည်းထားပြီး ပြောနေကြတော့ ကုသိုလ်နဲ့ဉာဏ်ကို အတူတူ ပြောနေတယ် ဆိုတာလည်း သဘောပါကြပါတော့။ ကမ္မဿကတဉာဏ်လောက်လည်း အားမကိုးပါနဲ့ဦး (မှန်ပါ) နာမရူပ ပရိစ္ဆေဒဉာဏ်လောက်လည်း အားမကိုးပါနဲ့ဦး၊ ပစ္စယပရိဂ္ဂဟဉာဏ် ပဋိစ္စသမုပ္ပါဒ်နားလည်ရုံနဲ့လည်း အားကိုးလောက်ပြီလို့ မဆိုပါနဲ့ဦး။ လက္ခဏာရေးသုံးပါး သိရုံနဲ့လည်း ဟာ. . . တော်လောက်ပါပြီ၊ သိရုံနဲ့လည်း ငါသေပါတော့မယ်ဆိုပြီး ဒါလောက်နဲ့လည်း မနေပါနဲ့၊ တစ်ဘဝ နှစ်နာမှာ စိုးသေးတယ် ဦးအောင်ဇံဝေ ပေါ်လာကြပလား. . . (ပေါ်လာပါပြီ)။

## ဆရာဘုန်းကြီးအကူအညီနဲ့ကြိုးစားပါ

ဒါဖြင့် - ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ခန္ဓာဇာတ်သိမ်း ငြိမ်းရာရောက်တဲ့ မဂ်ဉာဏ်လေးကိုသာလျှင် ကျုပ်တို့အကြီးဆုံးအားကိုးထိုက်တဲ့တရားလို့ဆိုပြီး သကာလ ဒါကိုပဲ ကိုယ့်စွမ်းရည်နဲ့ ဆရာဘုန်းကြီးအကူနဲ့ နှစ်ဖက်ညှပ်ပြီး ကြိုးစားပါ (မှန်ပါ) ဆရာဘုန်းကြီးက မသိတာပြောပေးမယ် ပေါ့လေ. . . ခင်ဗျားတို့က ကိုယ်ပိုင် ဉာဏ်နဲ့ ကိုယ့်ခန္ဓာ ကြည့်ပေါ့ဗျာ. . . (မှန်ပါ) အဲ. . . ကိုယ်ပိုင်ဉာဏ်နဲ့

www.dhammadownload.com



ကိုယ့်ခန္ဓာကြည့်ပြီး ဆရာဘုန်းကြီးက အကူအညီပေးလိုက်မယ်ဆိုလို့ရှိရင် ဦးတင် ဘာပူစရာ ရှိသတုံး (မရှိပါဘုရား)။

ဦးသန်းမောင်လည်းကြီးပြီ၊ ဦးအောင်ဇံဝေလည်းကြီးပြီ ဦးတင်လည်းကြီးပြီ၊ ဘုန်းကြီးတို့လည်း ကြီးပြီ၊ နောင်ကိုသာသနာနဲ့ တွေ့ကြုံဖို့ ခဲယဉ်းတယ်လို့ ဆုံးဖြတ်ချက်ချပြီးလုပ်တော့ (မှန်ပါ) နောင်ကို ဒီသာသနာမရှိတော့ဘူး၊ ကွယ်တော့မယ် . . .။

## သာသနာမကွယ်ခင်မြန်မြန်လုပ်ကြ

နို့ . . . ဘယ့်နှယ်ကြောင့် သာသနာကွယ်တာတုံး ဘုရားဆိုတော့ အို . . . ကွယ်ချိန်ရောက်တော့ ဒီကျမ်းစာတွေ ဒီအလုပ်တွေဟာ ကွယ်တာပေါ့ (မှန်ပါ) သာသနာတွင်းမှာပင် မလုပ်တာတွေက များနေပြီ (မှန်ပါ) အဲဒီတော့ ဩော် . . . ဒို့ ဆရာတွေနဲ့ ဒို့ဒကာ ဒကာမတွေနဲ့ ယခုတွေ့ရခြင်းဟာ အဆီ အနှစ်တွေလည်း ရပြန်ပြီ။ မကွယ်ခင် မီရုံရှိတဲ့ပုဂ္ဂိုလ်တွေမို့ မြန် မြန်လုပ်လိုက် (မှန်ပါ) မီရုံရှိတယ် ရထားက ထွက်ခါနီးနေပြီ (မှန်ပါ) သဘောပါပလား . . . (ပါ ပါပြီ)။

မယုံရင် စဉ်းစားကြည့်ပါ၊ ကဲ - ဦးသန်းမောင်တို့ ဦးတင်တို့ ခင်ဗျားတို့ လောကီမျက်လုံးကျယ်တဲ့ ပုဂ္ဂိုလ်တွေ

www.dhammadownload.com



ပဲ၊ မိစ္ဆာ အယူဝါဒတွေ လွှမ်းမိုးလာရင် ကြောက်ရတယ်၊ (မှန်ပါ) မိစ္ဆာ အယူဝါဒတွေမှာ သဿတဒိဋ္ဌိတွေနဲ့၊ အချို့ ဥစ္ဆေဒဒိဋ္ဌိတွေနဲ့ (မှန်ပါ) ဘယ့်နှယ်လုပ်မလဲ နာမရူပဆိုတဲ့ ဒုတိယဉာဏ်တောင် ရှိသေးရဲ့လား (မရှိပါဘုရား)။

ဒါတွေကမလာဘူးလို့ ခင်ဗျားတို့က ဆိုမလား လာမယ် ရှယ်နေတယ်လို့ ထင်ကြသလား. . . လာမယ်လို့ ရှယ်နေကြတယ် (မှန်ပါ) ဒါဖြင့် မီးရှုံရှိတယ်ဆိုတာ မှားသေးသလား (မမှားပါဘူး) ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

ဒါက ဒကာ့ရင်း ဆရာရင်းတွေမှ တကယ်တမ်း အဖိုးတန်တာကိုပြောလို့ သိရှိနိုင်တာ (မှန်ပါ) ရှင်းကြဝလား. . . (ရှင်းပါပြီ)။

ဥစ္ဆေဒဒိဋ္ဌိဆိုတာက သေရင်ပြီးရောပေါ့၊ နောက်ဘာမှ မဖြစ်တော့ဘူး (မှန်ပါ) သဿတဒိဋ္ဌိကတော့ တန်ခိုးရှင် ဣဿရ ရှင်က ဖန်ဆင်းထားတယ်ဆိုတော့ တန်ခိုးရှင်က သဿတ ဖြစ်မနေဘူးလား (မှန်ပါ) . . . သဿတကများပါ တယ်. . . ပေါ်ပလား (ပေါ်ပါပြီ)။

အဲဒီ သဿတ, ဥစ္ဆေဒတွေ လွှမ်းမိုးလာလို့ရှိရင်ဖြင့် ခင်ဗျားတို့ မပါရင်ရှိရမယ် သားတွေ မြေးတွေကျတော့ ပါသွား မှာပဲ။ မပါပေဘူးလား. . . (ပါပါတယ်ဘုရား)။

www.dhammadownload.com



## အချိန်ရှိသေးလို့ ရထားမီသေးတယ်

အဲဒီတော့ ခင်ပျားတို့ ကျုပ်တို့ဟာ အခုအချိန်ရှိသေးလို့ ရထားထွက်ခါနီး တက်မိသေးတယ်ဆိုတာဟာ ဘုန်းကြီးအသား ယူပြောနေတယ်လို့ ဦးသန်းမောင်က မယူလိုက်နဲ့. . . (မယူ ပါဘူး) ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

အဲ - ဘာဒိဋ္ဌိ ဘာဒိဋ္ဌိတဲ့တုံး (သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိပါ)

အဲ - ဘုန်းကြီးတို့ကလည်း သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ အလယ်က သွားရမယ် ကျုပ်တို့တရားကလည်း (မှန်ပါ)။

ကျုပ်တို့တရားက ဘယ်ကသွားရမလဲ (ကြားကသွားရမှာပါ)။

အဲ - သဿတဥစ္ဆေဒ လွှမ်းမိုးလာရင် ဒီအလယ်လမ်း ကလေးဟာ မပျောက်ပေဘူးလား၊ ပျောက်မလား (ပျောက်မှာ ပါဘုရား) ဒီဘက်က သဿတလမ်း၊ ဒီဘက်က ဥစ္ဆေဒလမ်း လိုက်ရင်လိုက်ပေါ့ဗျာ. . . (မှန်ပါ) ကျုပ်တို့က လည်း ဘုရားက ဟောထားတာက အလယ်လမ်းဆိုတော့ ဦးသန်းမောင်က သဘောကျပလား (ကျပါပြီ). . . အဲဒီ လမ်းလျှောက်စရာမများ ဘူးလား၊ များသလား (များပါတယ် ဘုရား)။

www.dhammadownload.com



# ဉာဏ်အမြင်နဲ့ကြည့်ပြီး မြန်မြန်သာလုပ်

များနေတော့ ခင်ဗျားတို့ကို အသားယူ ချီးမြှောက်ပြီး သကာလ မြန်မြန်လုပ်စေချင်လို့ တိုက်တွန်းတယ်လို့ မယူဘဲနဲ့ ဉာဏ်အမြင်နဲ့ ကြည့်ပြီးတော့ မြန်မြန်သာလုပ်ပေတော့ (မှန်ပါ) ရှင်းကြပလား (ရှင်းပါပြီ)။

ဘယ်လိုလုပ်ကြမလဲ (ဉာဏ်နဲ့ကြည့်ပြီး မြန်မြန် လုပ်ရပါမယ်) ဉာဏ်နဲ့ကြည့်ပြီးတော့ မြန်မြန်လုပ်ပါ၊ လုပ်လို့ရှိရင်ဖြင့် မဖွံ့မပဋိပဒါ အလယ်လမ်း ရောက်ပါလိမ့်မယ်. . . (မှန်ပါ့)။

မဖွံ့မပဋိပဒါအလယ်လမ်းကို ရှင်းပြလိုက်ဦးမယ်။ အလယ်ဆိုတာက ဦးအောင်ဇံဝေကဖြစ်စေ၊ ဦးသန်းမောင်က ဖြစ်စေ နာကျင်တဲ့ ဝေဒနာလေးဖြစ်တယ်၊ ဖြစ်ပြီး ပျက်သွားတယ်ဆိုတော့ ဖြစ်ပြီးပျက်တာ သူနှစ်ချက်သိတယ်. . . (မှန်ပါ) ဖြစ်လည်း ဖြစ်တယ်၊ ပျက်လည်း. . . (ပျက်ပါတယ်)။

ဖြစ်တာသိကတည်းကိုက ဥစ္ဆေဒဒိဋ္ဌိစင်ပြီ (မှန်ပါ) ဥစ္ဆေဒ ဆိုတာ ပျက်သွားတယ်လို့ယူတာ သူကဖြစ်တာ သိကတည်းကိုက အားလုံး (ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်) ပျက်တာ သိကတည်းက ခိုင်မြဲသေးရဲ့လား (မခိုင်မြဲပါဘူး) ဒါကြောင့် ဖြစ်ပျက်နှစ်လုံး သိလိုက်ရင် ဒါ အလယ်လမ်း ရောက်ပြီ အောက်မေ့တော့. . . (မှန်ပါ) ရှင်းကြပလား. . . (ရှင်းပါပြီ ဘုရား)။

H(7)A

www.dhammadownload.com



ဖြစ်ပျက်သိရင် (အလယ်လမ်း ရောက်ပါတယ်) ဖြစ်တာသိရင် ဘယ်ဒိဋ္ဌိစင်သတုံး. . . (ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်) ဖြစ်တာ သူ့အကြောင်းကြောင့် သူဖြစ်တယ်ဆိုကတည်းကိုက အကြောင်း ရှိလို့ရှိရင် ဖြစ်နေမှာပဲဆိုတော့ ပြတ်သွားမှာပဲဆိုတဲ့ အယူဟာ ရှိသေးရဲ့လား (မရှိပါဘူး) ဖြစ်တဲ့တရားကလေးဟာ ပျက်သွား တယ်လို့ ကိုယ့်ဉာဏ်ထဲမှာ မြင်လိုက်လို့ရှိရင် ခိုင်တယ် မြဲတယ် လို့ ယူဆသေးရဲ့လား (မယူပါဘူး) မယူရင် သဿတဒိဋ္ဌိ လွတ်နေပြီ. . . (မှန်ပါ)။

## အလယ်လမ်းကြောင်းရောက်ပြီ

ဒါဖြင့် ခင်ဗျားတို့ ဖြစ်ပျက်မြင်ခြင်းသည် ဒိဋ္ဌိနှစ်ပါး မလွတ်ဘူးလား. ... (လွတ်ပါတယ်) ဒါဖြင့် သဿတဒိဋ္ဌိကော ယူသေးလား (မယူပါဘူး) ဥစ္ဆေဒဒိဋ္ဌိကော (မယူပါဘူး) မယူတော့ ဖြစ်မှု ပျက်မှု နှစ်ခုရှိတယ်လို့ ယူလိုက်ကတည်းကိုက အလယ်လမ်းကြောင်း ရောက်ပြီတဲ့. . . (မှန်ပါ)။

ဥစ္ဆေဒက အခုဖြစ်ပြီးနောက် ဘယ်တော့မှ မဖြစ်တာကို ယူတယ်. . . (မှန်ပါ)။

အခုဟာကတော့ အကြောင်းဖြစ်ရင် အကျိုး ဖြစ်နေဦးမှာပဲ. . . လို့ မယူပေဘူးလား. . . (ယူပါတယ်) ဒီတော့ ဒါပြတ်ရဲ့လား (မပြတ်ပါဘူး) အဲဒါ. . . ဥစ္ဆေဒဒိဋ္ဌိ မစင်ပေဘူးလား. . . (စင်ပါတယ်)။

www.dhammadownload.com



ဖြစ်ပင်ဖြစ်ငြားသော်လည်း ဖြစ်ပြီး ပျက်တာကို သိနေပြန်တော့ ဩော်... ဖြစ်တဲ့တရားဟာ ခိုင်တယ် မြဲတယ်လို့ ယူသေးရဲ့လား (မယူပါဘူး) မယူကတည်းက သဿတ ဘယ့်နှယ်နေသတုံး.. (စင်ပါတယ်)။

ဒီတော့ ဖြစ်ပျက်နှစ်ခုကို မိလို့ရှိရင် အလယ်လမ်း ရောက်ပြီလို့ ဆုံးဖြတ်ချက်ချ (မှန်ပါ) ပေါ်ကြပလား (ပေါ်ပါပြီ)။

**ကဲ... ယနေ့ ဒီတွင် တော်ကြဦးစို့။**

**သာဓု... သာဓု... သာဓု။**

www.dhammadownload.com



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသောတရားတော်

# ဝိပဿနာအားထုတ်နည်း

(၃၁-၃-၆၁)

ဝိပဿနာရှုနည်းကို ရှေးဦးစွာဟောမယ်၊ တရားအား ... ထုတ်တော့မယ်ဆိုလို့ရှိရင်ဖြင့် . . . ၊

ကာယမိမံ သမ္မသထတဲ့၊ ဣမံကာယံ = ဤခန္ဓာကိုယ်ကြီးကို၊ သမ္မသထ = စောင့်ပြီးသုံးသပ်ပါကွာတဲ့၊

## ခန္ဓာကိုယ်ကိုစောင့်ကြည့်နေပါ

ခန္ဓာကိုယ်ကြီးကို ဒကာဒကာမတွေက မျက်လုံးလေး မှိတ်၊ ယောက်ျားဖြင့်တင်ပျဉ်ခွေ၊ မိန်းမဖြင့် ဒူးလေးတုပ်ပြီး ခန္ဓာကိုယ် စောင့်ကြည့်နေပါနော်။

www.dhammadownload.com



ဘယ်လောက်စောင့်ကြည့်ရမှာလဲလို့ မေးတဲ့အခါမှာ၊ ရှင်သာရိပုတ္တရာရွတ်တဲ့ ဂါထာနော် ဣမံ ကာယံ = ဤ ခန္ဓာကိုယ်ကြီးကို သမ္မသထ = စောင့်ပြီး သုံးသပ်စမ်းပါကွာ၊ ဦးဘအေး ဘာလုပ်ရမလဲ (စောင့်ကြည့်ရမှာပါ) စောင့်ပြီး ကြည့်နေစောင့် ပြီးကြည့်တဲ့။

ဤကဲ့သို့ ဟောထားတော့ ဒကာဒကာမတွေ၊ ဘုရားရှေ့မှာဖြစ်စေ၊ ကိုယ့်အိပ်ရာထဲမှာဖြစ်စေ၊ ထိုင်ပြီးသကာလ၊ ယောကျ်ားဖြင့်တင်ပျဉ်ခွေ၊ မိန်းမဖြင့် ဒူးလေးတုပ်ပြီး ခန္ဓာကိုယ် စောင့်ကြည့်နေရမယ်နော်။

## ထွက်တာသိ၊ ဝင်တာသိ

မစောင့်ချင်ရင်လည်း ဒီလိုလုပ်ဗျာ၊ အသက်ကလေး မှန်မှန် ရှူပြီး၊ လေလေးထွက်တာလည်းသိလို့ လေလေးဝင်တာလည်း သိလို့ချည်း၊ သိနေပြီးစောင့်နေတာပေါ့ဗျာ။

ဘယ်လောက်စောင့်ရမှာတုံးလို့မေးတဲ့အခါကျတော့မှ ရှင်သာရိပုတ္တရာက၊ ပရိဇာနာထပုနပ္ပုနံ။ ပရိဇာနာထ = အဖန်တလဲလဲစောင့်ကြည့်ကွာတဲ့။

ဒကာဒကာမတို့ ဘာတဲ့တုံး. . . (စောင့်ကြည့်ရပါ့မယ်ဘုရား) စောင့်နေလို့ရှိရင်ဖြင့် ခန္ဓာကိုယ်ကို အဖန်တလဲလဲ စောင့်နေပြီဆိုမှဖြင့် ခန္ဓာကိုယ်က သူ့သဘော သူပြောလာပါလိမ့်မယ်။

www.dhammadownload.com



## တိုက်မြေနဲ့ ပကတိမြေ

ဒကာဒကာမတွေ သုံးနေတဲ့စကားအရှိသားပဲ အို. . . တိုက်မြေနဲ့ပကတိမြေနဲ့၊ တိုက်မြေဆိုတာက စုန်းပယောဂတွေ တိုက်တဲ့မြေပေါ့ဗျာ. . .၊

ပကတိ မြေအမေ မြေအဖေကမွေးတဲ့မြေလည်း ရှိတာပေါ့ ဦးခင်မောင် မြေနှစ်မျိုးမရှိဘူးလား ရှိပါတယ်။

အဲတော့ ခင်ဗျားတို့ပြောနေတဲ့စကားက မြေမှန်ရင် တွင်းဝင်ဖြောင့်မှာပေါ့ကွာလို့ မပြောကြဘူးလား (ပြောကြပါတယ်) မြေမှန်ရင်. . . (တွင်းဝင်ဖြောင့်ပါတယ်ဘုရား)။

အင်းတိုက်မြေဖြင့် မဖြောင့်ဘူးပြောတာ။ တိုက်မြေဖြင့် မဖြောင့်ဘူးပြောတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒီမှာလည်း ဒီအတိုင်းပဲ ဒကာဒကာမတို့ ခန္ဓာကိုယ်ကြီးက အနိစ္စခန္ဓာကိုယ်မို့ သူသည် အဖန်တလဲလဲ စောင့်ကြည့်နေပြီ ဆိုမှဖြင့် သူ့သဘောသူပြောတော့မယ် (မှန်ပါ့ဘုရား) ခန္ဓာက ဘာပြောတော့မယ်. . . (သူ့သဘောသူပြောမှာပါဘုရား)။

## ခန္ဓာကဘာတွေပြောသတုံး

သူ့သဘောသူက တိုက်မြေမှမဟုတ်ပဲ၊ ဒကာဒကာမ

www.dhammadownload.com



တို့ အမှန်မြွေဖြစ်နေတော့ ကျုပ်ဟာ အနိစ္စပါ၊ ကျုပ်ဟာဒုက္ခပါ၊ ကျုပ်ဟာ အနတ္တပါ၊ ကျုပ်ဟာအသုဘပါလို့၊ ခန္ဓာငါးပါးထဲ က ထူးထူးချွန်ချွန် ပြောပါလိမ့်မယ် မပြောပေဘူးလား. . . (ပြောပါတယ်ဘုရား)။

အဲတော့ ဒကာဒကာမတို့ ဘုရားကလည်းဟော ခန္ဓာကလည်း ပြောဆိုတော့ အခုနဆုံးမထားတာနဲ့ သွားမကိုက်ဘူးလား. . (ကိုက်ပါတယ်ဘုရား)

ဘုရားကလည်း ဒီခန္ဓာကိုယ်ကြီးက သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေသင်္ခါရာဒုက္ခာ၊ သဗ္ဗေဓမ္မာအနတ္တာဆိုတာနဲ့သွားမကိုက်ဘူးလား. . . (ကိုက်ပါတယ်ဘုရား) ကိုယ်ကလည်း စောင့်ကြည့်နေတာနဲ့ သွားကြုံတယ်။

## မြွေမှန်လို့တွင်းဝင်ဖြောင့်တယ်

ဒါအလုပ်သင်နေတာနော် ဒကာဒကာမတို့ (မှန်ပါ့) စောင့်ကြည့်နေတာနဲ့ သွားကြုံတဲ့အခါကျတော့ ဒကာသစ်တို့ မောင်မြတို့ ခန္ဓာကိုယ်ကြီးက ဘာပြောမယ် ထင်သလဲ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပြောပါတယ်)

ဩော်-မြွေမှန်လို့ တွင်းဝင်ဖြောင့်ဆိုသလို ဒကာဒကာမ တို့ အနိစ္စရှိလို့ အနိစ္စပြောပြီ (မှန်လှပါဘုရား)။

www.dhammadownload.com



## အနိစ္စဆိုတာ ဘာတုံး

အနိစ္စဆိုတာ ဘာတုံးဆိုတော့ ခန္ဓာကိုယ်ထဲက အသစ် ပေါ်လာတာဟူသရွေ့ဟာ ဒကာဒကာမတို့ အနိစ္စပဲ အသစ် ပေါ်ပြီး ပျောက်သွားတာဟူသရွေ့ (အနိစ္စပါဘုရား)။

နဂိုကမရှိဘူး စောင့်ကြည့်နေတုန်းမှာ ဒီအသစ် ကလေး ပေါ်လာပြီး အဲဒီအသစ်ကလေး ပျောက်သွားတာ ဘာခေါ်ကြမယ်. . . (အနိစ္စပါဘုရား)။

အခုတင်ကဘုရား၊ ယားလာလိုက်တာ လက်မောင်း ကလေးမှာ အခုတင်ကလေး ယားလာလိုက်တာဆိုတော့ အနိစ္စ ပေါ်လာပြီ ဒီယားတဲ့နေရာမှာ ပျောက်သွားလို့ရှိရင် ဩော်. . . ဒီဥစ္စာ သူ့သဘောသူပြောတာကိုးလို့ မဆို နိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)၊ ဦးခင်မောင် ဒီလိုလုပ်ရမှာနော်. . (မှန်လှပါဘုရား)။

## အခုမှပေါ်ပြီးအခုမှပျောက်တယ်

ထိုင်နေရင်းမတ္တနဲ့မှ စိတ်ကလေးက တောင်ပြေး မြောက်ပြေး ပြေးသွားတော့ အင်း. . . နဂိုက ပြေးတဲ့စိတ် ရှိသလား၊ ဒီပြေး တဲ့ စိတ်ခန္ဓာကိုယ်ထဲပေါ်ပြီး ခန္ဓာကိုယ်ထဲ ပျောက်တာလား. . . (ခုမှပေါ်ပြီးခုမှပျောက်တာပါဘုရား)။

www.dhammadownload.com



အခုမှပေါ်ပြီး အခုမှပျောက်တာ သေချာပလား. . . (သေချာပါပြီ) ဩော်- မြွေမှန်လို့ တွင်းဝင်ဖြောင့်ဆိုတဲ့အတိုင်း ဦးခင်မောင်ရေ. . . ပြပြန်ပြီ အနိစ္စပဲ. . . (မှန်ပါ့) ဒကာဝ၊ မပြ သေးဘူးလား. . . (ပြပါတယ်ဘုရား)။

အဲဒီလာပြတဲ့အခါ ဩော်-ဒါတွေဟာ စိတ်ရှုတဲ့ပုဂ္ဂိုလ်ဟာ စိတ်ကလေးတွေဟာ အခုပေါ်အခုပျောက်၊ အခုပေါ်အခုပျောက်ဆိုတာတွေဟာ ဘယ်သူပေါ်၍ ဘယ်သူပျောက်တာလဲဆိုတော့ ဒကာဒကာမတွေက မှတ်လိုက်တာပေ့ါ ခန္ဓာပေါ်၍ ခန္ဓာပျောက်တာ (မှန်ပါ့ဘုရား) ဘယ်လိုဆိုကြမယ်. . . (ခန္ဓာ ပေါ်၍ခန္ဓာပျောက်တာပါ)။

## ခန္ဓာပေါ်၍ခန္ဓာပျောက်တာ

ဒါဖြင့် ခန္ဓာပေါ်၍ ခန္ဓာပျောက်တာဆိုတော့ ဩော် ကိုယ်ခန္ဓာကြီးဟာ ပေါ်လိုက်ပျောက်လိုက်ဆိုတော့ "ဟုတွာ အဘာဝတ္တေန အနိစ္စံ။"

ဟုတွာ = မမြင်ရာအရပ်ကပေါ်လာပြီး၊ မမျှော်လင့်တဲ့ နေရာက ပေါ်လာတယ် (မှန်ပါ့) ဟုတွာ = မမျှော်လင့်တဲ့ နေရာက ပေါ်လာ၍ အဘာဝတ္တေန = ဒီပေါ်တဲ့နေရာ၌ ပျောက်သွားခြင်းသည်ပင်လျှင် အနိစ္စံ = အနိစ္စပဲ။

မမျှော်လင့်တဲ့နေရာက ပေါ်လာတယ်။ ပေါ်တဲ့

www.dhammadownload.com



နေရာမှာ ဘာဖြစ်သွားသလဲ၊ (ပျောက်သွားပါတယ်) အဲဒါ ဘာခေါ်ကြမလဲ. . . (အနိစ္စပါဘုရား)။

ဒီဥစ္စာဒကာဒကာမတို့ ဒီနေရာယား၍ ဒီနေရာပေါ်ပြီး နေရာပျောက်ရင် ဘာဆိုကြမလဲ (အနိစ္စပါဘုရား) ဒီနေရာမှာနာ၍ ဒီနေရာမှာ ပျောက်ရင်ကော. . . (အနိစ္စပါဘုရား) ဒီနေရာမှာကြား၍ ဒီနေရာမှာ ပျောက်သွားရင်ကော. . . . (အနိစ္စပါဘုရား)။

ဒီနေရာနံ့၍ ဒီနေရာမှာ ပျောက်သွားရင် ဘာခေါ်ကြမယ်. . . (အနိစ္စပါဘုရား)။ ဩော်. . . ဒါဖြင့် ဒီနေရာမမျှော်လင့်တဲ့နေရာကပေါ်လာ၍ ဒီနေရာပျောက်သွားရင်ကော (အနိစ္စပါ)။

## ခန္ဓာကလည်းပြောပါတယ်

ဒါတွေဟာ အနိစ္စပဲဆိုတာ စောင့်ကြည့်တဲ့ ပုဂ္ဂိုလ်မှာ ခန္ဓာကပြောပါလိမ့်မယ် (မှန်ပါ့) စောင့်ကြည့်တဲ့ ပုဂ္ဂိုလ်မှာ (ခန္ဓာ က ပြောပါတယ်ဘုရား)။

ဩော်. . . ခန္ဓာက ပြောတဲ့အခါကျလို့ရှိရင် ဒကာဒကာမတွေက ဩော် - နဂိုက ဘုရားကလည်း ဟောတယ် အနိစ္စလို့ဟောတယ် အခု ခန္ဓာကလည်း အခုပြောပေါ့ဆိုပြီး ဆုံးဖြတ် ချက်ချလိုက်တော့ မှန်ပဟ။

www.dhammadownload.com



## ဘုရားကလည်း ဟောထားတယ်

ဘုရားကလည်း ဟောပါတယ် သဗ္ဗေသင်္ခါရာအနိစ္စာ၊ မမေ့နဲ့ပေါ့ဗျာ သဗ္ဗေသင်္ခါရ ဒုက္ခလို့ ဘုရားကလည်း မပြောဘူးလား. . (ပြောပါတယ်) သဗ္ဗေ ဓမ္မာ အနတ္တလို့ ဘုရားက မပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

ဘုရားကလည်း ဟောထားတယ် ခန္ဓာကိုယ် စောင့်ကြည့်တဲ့အခါကျတော့လည်း မမျှော်လင့်တဲ့ နေရာက ပေါ်လာပြီး ဒီနေရာချုပ်ပျောက်သွားတာလေးမြင်လိုက်တော့ ဘုရားကဟော ခန္ဓာကပြောသောကြောင့် ဒီတရားဖြင့် မှန်ပဟာ့လို့ ဆုံးဖြတ်ချက်ချ. . . (မှန်လှပါဘုရား)။

ဘုရားကဟော. . . (ခန္ဓာက ပြောပါတယ်ဘုရား)၊ ဒီတရားမှန်ပြီလို့ ဆုံးဖြတ်ချက်ချပါ။ (မှန်ပါ)။

ဘုရားကဟော. . . (ခန္ဓာကပြောပါဘုရား)၊ ဒီတရား ဘယ်နှယ်ဆိုကြမလဲ. . . (မှန်ပါပြီဘုရား) ဒီတရား အမြင်မှန်ပြီလို့ မှတ်ထားလိုက်ပါ။

## ဒီတရားဟာ အမှန်တရားလို့ ဆုံးဖြတ်ချက်ချ

ဘုရားကဟော ခန္ဓာကပြောတာ ဒကာဒကာမတွေက ဒီတရားဟာ အမှန်ပဲလို့ ဆုံးဖြတ်ချက်ချလိုက်တော့ အမှန်ပဲလို့ ဆုံးဖြတ်ချက်ချတာသည် သမ္မာဒိဋ္ဌိ၊ မဂ်ဝင်လာတာလို့ မှတ်လိုက် (မှန်လှပါဘုရား)။

www.dhammadownload.com



ဒါစကားပြောနေတယ်လို့ မအောက်မေ့ပါနဲ့၊ အလုပ်ခွင် ဝင်ပြီးသကာလ မဂ်ဝင်လာတာ သိအောင်လို့ ပြောလိုက်ပါ တယ်။

ဘုရားကဟော၊ ခန္ဓာကပြောတာကို ကိုယ်က ဟုတ်ပြီလို့ ဆုံးဖြတ်ချက်ချရင် ဟုတ်ပြီဆိုတာဘာပါလိမ့်. . . (သမ္မာဒိဋ္ဌိပါ ဘုရား) သမ္မာဒိဋ္ဌိ. . . ဒါဖြင့် မဂ္ဂင်ပေါ့ဗျာ. . . (တင်ပါ့) သဘောကျပလား (ကျပါပြီ)။

သေသေချာချာမှတ်ပါ ဒကာဒကာမတို့ ဒီဥစ္စာ ကြီးလုံး၊ သွေးလုံးလို့ အောက်မေ့မနေပါနဲ့ ခင်ဗျားတို့ နဂိုက အရှုပျောက်လို့ ဒီဥစ္စာ အမှန်မြင်တယ်ဆိုတာကို သေချာလာ အောင်လို့ ရှင်းရှင်းလင်းလင်းကြီး ပြောနေပါတယ်ဆိုတာကို ကော သဘောကျပလား. . . (ကျပါပြီ)။

ဘုရားက သဗ္ဗေသင်္ခါရာအနိစ္စ၊ သဗ္ဗေသင်္ခါရာဒုက္ခ၊ သဗ္ဗေဓမ္မာအနတ္တာလို့ ဟောထားတယ်၊ ခန္ဓာကိုယ် တစ်ကိုယ် လုံး အနိစ္စဒုက္ခအနတ္တာသာရှိတယ်လို့ မဟောဘူးလား. . . (ဟောပါတယ်) ဘုရားကဟောပြီ။

ဘုရားကဟောတော့ ကျုပ်တို့က စောင့်ကြည့် ဘုရား က ဟောတော့ ကျုပ်တို့က ဘယ်လိုပါလိမ့် (စောင့်ကြည့် ရပါမယ်ဘုရား) ကြပ်ကြပ်သတိထားနော် ဒီနေ့အလုပ်သင် နေတဲ့ တရားနော်. . . (တင်ပါ့)။

www.dhammadownload.com



## ပုတီးစိပ်နေရမည့်တရားမဟုတ်ဘူး

ဒကာဒကာမတွေ ကြပ်ကြပ်သတိထားပါ၊ အလုပ်သင်နေတဲ့တရားနော် ပုတီးစိပ်နေရမည့်တရား မဟုတ်ဘူး၊ စောင့် ကြည့်နေရမည့်တရား။ ဦးခင်မောင်. . . (မှန်ပါ့)။

ပုတီးစိပ်နေတာကတော့ ဟိုကအနိစ္စရောက်တယ်၊ ကိုယ်ကပုတီးတစ်လုံးချချင်မှချဖြစ်တယ်၊ ပုတီးချတဲ့အထဲမှာလည်း အနိစ္စက ပါချင်မှပါတယ်၊ သဘောပါပြီလား. . . (ပါပါပြီ)။

အဲတော့ ဘုရားက အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ခန္ဓာကြီး မဟောဘူးလား (ဟောပါတယ်) ကိုယ်ကဘာလုပ်ရမှာလည်း. . . (စောင့်ကြည့်ရမှာပါ)။ စောင့်ကြည့်နေတော့ ခန္ဓာက၊ မမျှော်လင့်တဲ့နေရာက ပေါ်လာပြီးသကာလ၊ ဖျတ်ခနဲ ဖျတ်ခနဲ ပျောက်သွားတယ် (မှန်လှပါဘုရား)။

## မဂ္ဂင်ငါးပါးနဲ့မြင်တာ

ဖျတ်ခနဲ ဖျတ်ခနဲ ပျောက်သွားတော့ ဩော်. . . ဒါဘယ်သူက ပြောတာပါလိမ့်. . . (ခန္ဓာကပြောတာပါဘုရား) ယုံကြပလား. . . (ယုံပါပြီဘုရား) အမှန်ကော မြင်ပလား (မြင်ပါပြီဘုရား)။

အဲဒါဘာဆိုမတုံး. . . (သမ္မာဒိဋ္ဌိပါဘုရား) အဲဒီ

www.dhammadownload.com



သမ္မာဒိဋ္ဌိကို မဂ္ဂင်ငါးပါးနဲ့မြင်တာလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့) ဒကာ ဒကာမတွေ ဘယ်လိုမှတ်ကြမယ်။ (မဂ္ဂင်ငါးပါးနဲ့ မြင်တာပါဘုရား) ကိုင်း - ဒကာဒကာမတို့ သေချာကြပလား. . . (သေချာပါပြီဘုရား)။

## ဉာဏ်တွေတရားဖြစ်အောင်လုပ်ပါ

အလွန်အရေးကြီးနေပြီ ဦးခင်မောင်ရေ. . . ဒါက လက်တွေ့တရားတွေတဲ့ ဒကာဒကာမတို့ ခင်ဗျားတို့မှာ ဉာဏ်တွေတရားတွေဖြစ်အောင်လုပ်ပါ။ သေသေချာချာ ရှင်သာရိပုတ္တရာကြီးက ဟောရှာလို့ "မိလိန္ဒပဥှာ" ထဲမှာလည်း ပါပါတယ်. .

**ကာယမိမံ သမ္ဘသထ၊ ပရိဇာနာထ ပုနပ္ပုနံ**

**ကာယေသဘာဝံဒိသွာန ဒုက္ခဿန္တံကရိဿထ**

မင်းဒီလိုသာ မြင်စမ်းပါစေကွာ၊ ဒုက္ခဆုံးပါလိမ့်မယ်. . (မှန်ပါ့) ကိုင်း- ဒကာဒကာမတို့ ဘုရားကလည်း ဘာဟောသလဲ၊ အနိစ္စပဲဟောတာပဲ၊ ဘုရားက အနိစ္စ၊ ဒုက္ခ၊ အနတ္တဟောသည် (မှန်ပါ့) ဘုရားကဘာဟောသလဲ (အနိစ္စ ဒုက္ခအနတ္တဟောပါတယ်)။

ဘယ်သူ့ဟောတာလည်း ကိုယ့်ဟာကိုယ်ဟောတယ်

www.dhammadownload.com



လို့ ထားပါစေ၊ သူ့အမြင်သူ့ဟောတယ်ပဲထားလိုက်ပါ၊ ကိုယ့်အမြင်နဲ့ မကိုက်သေးလို့ရှိရင် ထားလိုက်ပါ၊ ဦးခင်မောင်ဘာတုံး. . . (ကိုယ့်အမြင်နဲ့မကိုက်သေးရင်ထားလိုက်ပါ)။

ကိုယ့်အမြင်နဲ့ မကိုက်သေးရင် စောင့်ကြည့်ပါ။

ကိုင်းဒါဖြင့်- ကိုယ့်အမြင်နဲ့မကိုက်သေးရင် စောင့်ကြည့်. . . (တင်ပါ့) စောင့်ကြည့်တော့ လက်ကလေးက,ယား၊ ခြေကလေးက,ယား၊ ဒကာဒကာမတို့ ထိုင်စ,က ပေါ်လာတာလား၊ အခုမှပေါ်တာလား. . . (အခုမှပေါ်တာပါ ဘုရား)။

ယားဒါက ယားတဲ့နေရာမှာ ပျောက်သွားတယ်၊ ဒကာ ဒကာမတို့ ဟူတ္ဘာ = မမျှော်လင့်တဲ့ နေရာက ဖြစ်ပေါ်လာ၍၊ အဘာဝဋ္ဌေန = ဤနေရာ၌ ပျောက်သွားခြင်းသည် ပင်လျှင် အနိစ္စံ = အနိစ္စပဲ. . . (မှန်ပါ့ဘုရား)။

ဒကာဒကာမတို့ မျှော်လင့်တဲ့နေရာက ပေါ်လာတာလား၊ မမျှော်လင့်တဲ့ နေရာက ပေါ်လာတာလား? (မမျှော်လင့်တဲ့နေရာက ပေါ်လာတာပါဘုရား) တစ်ခါတလေ ကျောက ပေါ်ချင်ပေါ်တယ်၊ တစ်ခါကလေရင်က ပေါ်ချင်ပေါ်တယ်. . . (မှန်ပါ့)။

www.dhammadownload.com



## ပေါ်လာပြီး၊ ပျောက်သွားတာအနိစ္စ

တစ်ခါတလေနံဘေးကပေါ်ချင်ပေါ်တယ်၊ ခြေဖဝါး က ပေါ်ချင်ပေါ်တယ်၊ ခြေသလုံးကပေါ်ချင်ပေါ်ဆိုတော့ ခင်ဗျားတို့ မျှော်လင့်တဲ့နေရာက ပေါ်လာတာမဟုတ်ဘူး . . . (မှန်ပါ့)။

မမျှော်လင့်တဲ့နေရာကဘာလည်း . . (ပေါ်ပါတယ်) အဲ-ပေါ်ပြီးတော့ မမျှော်လင့်တဲ့နေရာမှာပဲ ဘာဖြစ်သွားပါ လိမ့် . . . (ပျောက်သွားပါတယ်) ဩော် . . ဒါဖြင့် အဲဒါ ဘာခေါ်ပါလိမ့် . . (အနိစ္စပါဘုရား)။

မြင်ကြရဲ့လားဆိုတော့ . . . စောင့်ကြည့်တဲ့ပုဂ္ဂိုလ်က တော့မြင်တယ်၊ စောင့်ကြည့်နေတဲ့ ပုဂ္ဂိုလ်ကတော့ . . . (မြင်ပါတယ်) ဩော်-မြင်တာဘာတွေကြည့်ပါလိမ့်? သမ္မာ ပဿတီတိသမ္မာဒိဋ္ဌိ သမ္မာ=မှန်ကန် ပဿတိ = မြင်၏ ဣတိတသ္မာ - ထို့ ကြောင့် သမ္မာဒိဋ္ဌိဆိုတဲ့အတိုင်း မိစ္ဆာဒိဋ္ဌိ ပယ်ပြီးသကာလ သမ္မာဒိဋ္ဌိကို သမ္မာဒိဋ္ဌိဉာဏ်ရောက်လာတာ၊ သမ္မာဒိဋ္ဌိဖြစ်လာတဲ့အဖြစ်ဟာတယ်အဖိုးတန်ပါလား ဆိုတာ ပေါ်လာတော့တယ်၊ မပေါ်လာသေးဘူးလား (ပေါ်ပါတယ် ဘုရား)။

အဲဒါတန်ခူးလကလည်းနီးပြီ၊ ဥပုသ်ကလည်း စောင့် ကြတော့မှာ ကေန်လူတိုင်းဆိုသလိုပဲ ဖြစ်ကြတော့ ဒကာ

www.dhammadownload.com



ဒကာမတို့ တစ်နေရာမှာထိုင်ပြီး တစ်နေရာကိုစောင့်ပြီး ကြည့်လိုက်ကြမ်ဆိုတဲ့ဥစ္စာပြောရတာ၊ ဒါဟောရတာနော်။

ကိုင်း-ဒါဖြင့် ဒါက ခန္ဓာငါးပါး၊ ခင်ဗျားတို့ထိုင်နေတဲ့ ခန္ဓာငါးပါးနော် - ဦးခင်မောင်အလုပ်ကလည်း သင်ရသေးတယ်နော် မသင်ရင်မကောင်းဘူးဗျ။

အဲတော့ ဒီခန္ဓာငါးပါးကြီးနဲ့ ဒကာဒကာမတွေက အင်း တန်ခူးလအကြို စောင့်ချင်လည်းစောင့်မယ်၊ အကျနေ့မှ စောင့်ချင်လည်း စောင့်မယ်၊ အချို့မအားသေးလို့ နောက်ဆုံးနေ့မှ ပိတ်စောင့်ချင် လည်းစောင့်မယ်၊ ခင်ဗျားတို့ အကြောင်းလည်း မပြောတတ်ဘူးပေါ့၊ ခင်ဗျားတို့ အကြောင်းကတော့ လျှော့ဈေးက သိပ်များတယ်။

ကိုင်းဒါဖြင့် - ဒကာဒကာမတို့စောင့်ပြီးသကာလ ဟောဒီကနေစောင့်ကြည့်ပါ ဝမ်းထဲကစောင့်ရမှာပါ၊ စောင့်ရတာကတော့ ဒါကတော့ ပုံစံမှီလို့ပြရပါတယ်။

## စောင့်ကြည့်နေတာကမဂ္ဂင်ငါးပါး

စောင့်ကြည့်နေတာက မဂ္ဂင်ငါးပါး၊ သတိထား၊ ဝီရိယ စိုက်ပြီး ပညာနဲ့ကြည့်၊ သမာဓိနဲ့တည်နေတယ်ဆိုတာ ဝီရိယက မလျှော့တော့ စောင့်ကြည့်နေတာငါးပါးနဲ့ ကြည့်နေတာ။

www.dhammadownload.com



ဦးခင်မောင် ဘယ်နှစ်ပါးနဲ့စောင့်ပါလိမ့်. . . (ငါးပါး နဲ့ စောင့်တာပါဘုရား) ဒကာဝ ဘယ်လောက်နဲ့ စောင့်ပါ လိမ့်. . . (ငါးပါးနဲ့ပါဘုရား)။

သူတို့က ငါးပါးနဲ့စောင့်တယ်ဆိုတော့ အရှင်ဘုရား အရင်လိုမျှား ဖြစ်နေသလားလို့ မပေးပါနဲ့တဲ့. . . သတိ သမာဓိဆိုတာ ဒကာဒကာမတို့ သတိပဋ္ဌာန်ပါဠိတော်ကြီးမှာ လည်းလာပြီးသား ဖြစ်နေတဲ့အတွက်

**ဝစ္ဆဗ္ဗောဝါ "ဝစ္ဆာမိ"တိ ပဇာနာတိ**

လာတော့ ကိုယ်ကစောင့်တဲ့သဘောလေးနဲ့ အရင် ဖြစ်နှင့်တယ်လို့ ဒီလိုမယူပါနဲ့။

စိတ်ထဲက ဘယ်ဟာပေါ်လာလာ၊ ငါဖြင့် နောက်က လိုက်ဖြစ်အောင်လိုက်မယ်ဆိုတာပါပဲ၊ ဘယ်ဟာပေါ်လာ လာပေါ့ဗျာ (မှန်ပါ့) နောက်ကအသိလိုက်မယ်ဆိုရင်ဖြင့် ဒါဘာဆိုမလဲ (စောင့်တာပါ) အဲဒါစောင့်တာပဲ ဆိုတာ ပေါ်လာပလား ပေါ်လာပါပြီ။

စာဆိုလွဲသွားမှာစိုးလို့ ဒကာဒကာမတွေ အယူအဆ တွေ လွဲသွားမှာစိုးလို့။ စောင့်နေတယ်ဆိုတော့ ဒီငါးပါးက အရင် ဖြစ်နှင့်နေတယ် (မှန်ပါ့) ခန္ဓာရဲ့ဖြစ်ပျက်က နောက်မှာ ပြနေတယ်။ ဒီလိုယူမှာစိုးတဲ့အတွက် ပြောရတယ်။

www.dhammadownload.com



## စောင့်ကြည့်တယ်ဆိုတာက

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီလိုမယူနဲ့တဲ့ အစောင့်ဆိုတာ ဒီလိုယူလို့မရဘူး ဘာတုံးဆိုတော့ ဂစ္ဆန္တော ဝါ၊ "ဂစ္ဆာမိ"တိ ပဇာနာတိ၊ သွားတာကို သွားမှန်းသိရမယ် ဆိုတော့၊ သွားတာက ရှေ့ပိုင်းက သိရမှာကနောက်က၊ သဘောကျပလား (ကျပါပြီဘုရား)။

အဲတော့ ဆရာသင်တာသာ ဒကာဒကာမတွေက မှတ်ထားပေတော့ အင်း - ရှေ့ကတစ်ခုခုပြထားလို့ရှိရင် နောက်က အမြဲတန်းမိအောင် ဖမ်းမဟဲ့ဆိုတာ ဒါ စောင့် ကြည့်တာပဲ. . . (မှန်ပါ့ဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

ကောင်းပြီ၊ ဒါလောက်ဆိုရင်လည်း ရှင်းလောက်ပါပြီ ခန္ဓာ ကြီးက ဒကာဒကာမတွေထိုင်ကြပြီ ဘုရားရှေ့မှာဖြစ်စေ၊ အိမ်မှာ ဖြစ်စေ၊ ထိုင်ပြီးသကာလနေတုန်း ခန္ဓာကိုယ်ကြီးက ဒကာသစ်ရေ၊ ပြောလိမ့်မယ်နော် (မှန်ပါ့) ပြောလိမ့်မယ်၊ ပြောလိမ့်မယ်။

၆

## အရေးအားထုတ်ချင်တဲ့စိတ်

ရှေးဦးစွာဘာပြောမလဲဆိုတော့ ဩော် ဆရာဘုန်းကြီး ကလည်း မှာရှာတယ် တို့ကိုကယ်တင်တဲ့ ဘုန်းကြီးက မှာရှာ တယ်၊

www.dhammadownload.com



တရားအားထုတ်ချင်တယ်လို့ ဒီစိတ်ကလေးတော့ မပေါ် ပေဘူးလား (ပေါ်ပါတယ်)၊ တရားအားထုတ်လို့ မှာလိုက်တယ်၊ မှာလိုက်တယ်ဆိုပြီး တရားအားထုတ်ချင်တဲ့ စိတ်ကလေး ဒဟာ ဒကာမတွေ သန္တာန်မလာဘူးလား. . . (လာပါတယ်)။

လာလို့ရှိရင် သူ့ရှေးဦးစွာပေါ်လာတာပဲ တရား အားထုတ်ချင်တဲ့စိတ်ကလေးဝမ်းထဲမှာ ပေါ်မလာဘူး လား. . . (ပေါ်လာပါတယ်ဘုရား)။

ပေါ်လာသည်နှင့်တစ်ပြိုင်နက်တည်း၊

စောင့်ပြီးသကာလ နောက်ကတစ်ခုသာပေါ်ရင် လိုက် မဟဲ့ဆိုတာက ခုနက အားထုတ်ချင်တဲ့စိတ်ကလေးက ရှိမရှိ အကဲခတ်လိုက် (မရှိပါဘုရား)။

ဒါဖြင့်-အားထုတ်ချင်တဲ့စိတ်ကဘာတုံး. . . (အနိစ္စ ပါ ဘုရား) အနိစ္စစောင့်ကြည့်နေတာက ဘာပါလိမ့်. . . (မဂ္ဂပါ ဘုရား) နောက်လိုက်တာကလည်း မဂ္ဂင်ပဲ၊ နောက်က လိုက်တာလည်း. . (မဂ္ဂပါဘုရား) သဘောပါကြပလား. . . (ပါပါပြီဘုရား)။

သြော် ဒါဖြင့် ဒီလိုလိုက်တဲ့အခါကျတော့ တရားကို ရှာရသေးသလား အားထုတ်ချင်တဲ့စိတ်ကလေးကိုက ရှေးဦး စွာ ဘာပြောလဲ. . . (အနိစ္စပါ) အားထုတ်ချင်တဲ့ စိတ်

www.dhammadownload.com



ကလေးက ဘယ်လိုလာပြောပါလိမ့်. . . (အနိစ္စလို့ပြောပါတယ်)။

အနိစ္စလို့သူကလာပြောတော့ ကျုပ်တို့က နောက်ကနေပြီး မဂ္ဂနဲ့သိအောင် ဖမ်းလိုက် (မှန်ပါ့)။

သူက အနိစ္စလို့ပြောတော့. . . (နောက်က မဂ္ဂနဲ့လိုက်ရပါမယ်ဘုရား) ကျုပ်တို့က မဂ္ဂနဲ့ မိအောင်ဖမ်းလိုက်တဲ့အခါကျတော့ သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ရှုဆိုတော့ စောင့်နေ တဲ့ ပုဂ္ဂိုလ်မို့ ဦးခင်မောင် ပေါ်လာတာပေါ့။

ဒါဖြင့်-တရားအားထုတ်ချင်တဲ့စိတ်ကလေးဟာ ဖြစ်ပျက်၊ စောင့်ပြီးမိအောင်ဖမ်းတာက. . . (မဂ်ပါဘုရား) မဂ္ဂဖြစ်ပြီး သကာလနေတော့ ဒီကစပြီးမိပြီဆိုရင်ဖြင့် ဒကာဒကာမတွေ မလျှော့နဲ့တော့၊ ဆရာဘုန်းကြီးကရှုတဲ့စိတ်လည်းရှု၊ ရှိုက်တဲ့စိတ်လည်း ရှုတယ်ဆိုရင်၊ ပထမတစ်ချက်မိပြီးရင် နောက် အကုန်မိမှာပဲ. . . (မှန်ပါ့)။

## ပထမတစ်ချက်အဖမ်းခက်တယ်

ပထမတစ်ချက်မိပြီးရင်. . . နောက်အကုန်မိမှာပဲ၊ အဲ. . ပထမတစ်ချက်မှာ အဖမ်းခက်နေတယ်။

အဲတော့ ယနေ့သင်လိုက်တာသည် ဒကာဒကာမတို့ဘာကိုသင်လိုက်ပါသတုံးဆိုတော့ ပထမတစ်ချက်မှာ

www.dhammadownload.com



ရှာမရမှာ စိုးလို့သင်လိုက်တာ၊ ပထမတစ်ချက်မှာ. . . (ရှာမရမှာစိုးလို့ သင်လိုက်တာပါဘုရား)။

ရှာမရမှာစိုးလို့ သင်လိုက်ပါတယ်ဆိုတာ-ဦးခင်မောင် သဘောကျပလား (ကျပါပြီဘုရား) ဘာလေးပေါ်လာမယ် ထင်သတုံး တရားအားထုတ်ချင်တဲ့စိတ်ပါဘုရား။

တရားအားထုတ်ချင်တဲ့စိတ်ကလေးပေါ်လာတော့ ဒကာဒကာမတို့ စဉ်းစားကြည့်၊ နဂိုကရှိတာလား အခုမှ ဒီနေရာ ပေါ်လာတာလား. . . (အခုမှပေါ်လာတာပါ)။

အခုမှပေါ်လာတဲ့နေရာမှာ ဟုတ္တာ အဘာဝဋ္ဌေန အနိစ္စ၊ ဆိုတော့ ဒါလေးဟာ ပျောက်မသွားပေဘူးလား. . . (ပျောက် သွားပါတယ်) အဲဒါလေးက စရှု၊ အဲဒါလေး စောင့်ကြည့်ပြီး မဂ္ဂင်ငါးပါးနဲ့ရှုလိုက်၊ ရှုလိုက်တော့ တရား အားထုတ်ချင်တဲ့စိတ်က အနိစ္စ၊ မရှိမှန်းသိတာက. . . (မဂ္ဂပါဘုရား)။

မဂ္ဂဆိုတော့ ဒကာဝ ငါးချက်ပါသွားပြီ (မှန်ပါ့) ဝိပဿနာ မဂ္ဂင်ငါးချက်ပါသွားပြီ။ မပါသေးဘူးလား. . . (ပါသွားပါတယ်ဘုရား)။

ခန္ဓာနဲ့ ဉာဏ်နဲ့တည့်သွားပြီ ခန္ဓာက ဝိညာဏက္ခန္ဓာ၊ ရှုဆိုတာ ဝိညာဏက္ခန္ဓာ၊ အဲဒါနဲ့ ဉာဏ်နဲ့တည့်မသွားဘူးလား (တည့်သွားပါတယ်)။

www.dhammadownload.com



## ခန္ဓာကအနိစ္စဖြစ်ရင်အနိစ္စလို့သိပါ

ဒါဖြင့် ခန္ဓာနဲ့ဉာဏ်နဲ့တည့်တော့ ဩော်. . . ခန္ဓာက အနိစ္စလို့ပြောတော့ ဉာဏ်ကလည်း အနိစ္စလို့ ခေါင်းညိတ်လိုက်. . . (မှန်ပါ့) အနိစ္စပါလားလို့ခေါင်းညိတ်လိုက် (မှန်ပါ့ဘုရား)။

အဲဒီလို ခေါင်းညိတ်လိုက်တော့ ဘုရားကလည်းဟော ခန္ဓာကလည်းပြောတော့ ဒီအံ့ထဲမှာ ဒကာဒကာမတွေ သမ္မာဒိဋ္ဌိ ဆိုတော့ သမ္မာဒိဋ္ဌိတင်ဖြစ်တယ်လို့ မအောက်မေ့နဲ့ ဒကာ ဒကာမတွေ အဖော်နှင့်တကွ မဂ္ဂင်ငါးပါးပါဖြစ်တယ်၊ ကျန်တဲ့လေးပါးပါဖြစ်တယ်၊ သဘောကျပလား. . (ကျပါပြီ)။

အဲဒါ'ဝိပဿနာ မဂ်ရပြီလို့ အောက်မေ့တော့. . . သဘောကျပလား (ကျပါပြီ) ဘာရပါလိမ့်. . . (မဂ်ရပါတယ်ဘုရား) ဝိပဿနာမဂ်ရပြီလို့ အောက်မေ့ပါဒကာဒကာမတို့ (မှန်လှပါဘုရား)။

ယနေ့ တရားဟာ ဦးခင်မောင်တို့ ဒကာဝတို့ နားကြီးကြီးနဲ့ ထောင်ကြည့်မှ ဩော်-ဒီဥစ္စာ ဒီအလုပ်မသင်ရင် မဖြစ်ပါလားဆိုတာ ပေါ်လာတော့တယ်၊ မသင်ရင်. . . (မဖြစ်ပါဘုရား)။

ထိုင်ကြပါဆို ထိုင်မှာပဲ၊ ထိုင်ပြီးသကာလ ဘာမှ မတွေ့ပါဘူးဆိုပြီး ပြန်လာမှာပဲ။

---

www.dhammadownload.com



အခုတော့ မတွေ့စရာရှိသေးလား၊ ထိုင်ချင်တဲ့စိတ်ကို ရှုလိုက် ထိုင်ချင်တဲ့စိတ်ကိုရှုပြီးနေစမ်းပါ၊ မရှိတာ ဘာခေါ်မလဲ (အနိစ္စပါဘုရား) သိတာဘာခေါ်မလဲ (မဂ္ဂပါဘုရား)။

## သစ္စာလေးပါးတန်းပြီးသိတယ်

အဲ မရှိတာက အနိစ္စ၊ ရှုတာက မဂ္ဂ၊ သေတာက သမုဒယ၊ ဒါဒီအတိုင်း သွားရမှာပဲ. . . (မှန်ပါ့) ဒီကမင် ဆိုတော့ ငါ့စိတ်ဆိုတဲ့ ဒိဋ္ဌိလာသေးရဲ့လား. . . (မလာပါ ဘုရား)။

ဒါကြောင့် မရှိတာက. . . (အနိစ္စ)၊ မရှိတာက အနိစ္စ၊ သိတာက (မဂ္ဂ) သေတာက. . . (သမုဒယ) အေး ရမှာက နိရောဓ၊ (မှန်ပါ့) ရမှာက ဒိဋ္ဌိဖြုတ်တယ်ဆို ပထမ နိဗ္ဗာန်ရမှာပဲ။

## ဆရာဘုန်းကြီးကအကြီးဆုံးလက်ဆောင်ပေးနေတာ

ကိုင်းမရှိတာက. . . (အနိစ္စ)၊ သိတာက. . . (မဂ္ဂ)၊ သေတာက- (သမုဒယ) အေး. . . ရမှာက. . . (နိရောဓပါ ဘုရား) အခုတော့ တန်းနေတာပဲ၊ ဒကာဒကာမတို့က မလုပ်ကြလို့သာမရတာ၊ ဦးခင်မောင်ရေ. . . ရှင်းပ

www.dhammadownload.com



လား. . . (ရှင်းပါပြီဘုရား) နောက်က ဒကာဒကာမတွေ ရှင်းကြရဲ့လား. . . (ရှင်းပါပြီဘုရား)။

ဩော်-ဒါဖြင့်-အကြီးဆုံးသောလက်ဆောင် ဆရာဘုန်းကြီးက ပေးနေတာ ငါတို့မယူတတ်လို့ရှိရင်ဖြင့် ငါတို့ ဆင်းရဲခြင်းနဲ့ အမွဲပဲ ကျန်ရစ်တော့မယ်ဆိုတာ ဆုံးဖြတ်ချက်ချ (မှန်လှပါဘုရား)။

ယနေ့ ဒီတွင်တော်ကြဉီးစို့။

သာဓု. . . သာဓု. . . သာဓု။